မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၀၅၂)

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

အခုဆောင်းလေလေးကလည်း ဝင်လာပြီဆိုတော့ ကျွန်မတို့ ပြည်သူလူထုတွေ ပိုပြီး ကျန်းမာရေးဂရုစိုက်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မတို့ခန့်မှန်းတဲ့အတိုင်းပဲပေါ့။ ကိုဗစ် – ၁၉ ပြန်ပြီးတော့ ပြန့်ပွားမှုက များလာပါတယ်။ ဒါကိုတွက်လိုက်မယ်ဆိုရင် ရွေးကောက်ပွဲအပြီးကာလနဲ့ အခုထိဆိုရင် တစ်ပတ်၊ ဆယ်ရက်ဆိုတာ ဒါစနေတဲ့သဘောပါပဲ။ နောက်နှစ်ပတ်လောက်၊ တစ်ပတ်လောက်ဆိုရင် နည်းနည်းပိုပြီးတော့ မြင့်လာနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒီဟာအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြင်ဆင်ထားပြီးသားပါ။ ပြည်သူတွေကလည်း ပြင်ဆင်ထားဖို့လိုပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

"ကာကွယ်ဆေးတွေ သိုလှောင်ဖို့၊ ဖြန့်ဖြူးဖို့၊ ထိုးပေးဖို့ အစီအစဉ်တွေလည်း စပြီးလုပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ဒီကြားထဲမှာ ရောဂါ မရအောင်နေပါ။ ကာကွယ်ဆေးပေါ်ခါနီးမှ ရောဂါရတယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့် အားတင်းထားပါ။ ဂရုစိုက်ပါ။ တတ်နိုင်သမျှ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ အပြင်မထွက်ကြပါနဲ့။ လူစုလူဝေးဖြစ်အောင် မနေကြပါနဲ့။ မလွဲမရှောင်သာလို့ အပြင်ထွက်ရမယ်ဆိုရင် Mask တပ်ပါ။ ဖြစ်နိုင်ရင် Mask အပေါ်ကနေ ပလတ်စတစ်အကာ၊ Face Shield လို အကာတပ်စေချင်ပါတယ်"

ရမ်ဒက်ဆဗီယာဆေးကို ကိုဗစ်– ၁၉ လူနာများအား ကုသရာတွင်ပေးရန် အကြံပြုထားခြင်း မရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

နိုင်ငံတကာသတင်း စာ ➢ ၁၃

ကော့သောင်းခရိုင်၌ ကျောက်ငါးအရှင်များ ရေပေါ်မျောနေမှုကို ဓာတ်ခွဲစမ်းသပ်လျက်ရှိပြီး ရလဒ်ထွက်ရှိလျှင် သတင်းထုတ်ပြန်သွားမည်

စာ ➢ ၁၈

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

အကြိမ်နှစ်ရာကျော် သတိပေးစကား

ပြည်သူလူထုကို အသိပေးရန်လိုအပ်သည့် အချို့သော သတင်းစကားတို့ကို အကြိမ်နှစ်ရာ သို့မဟုတ် အကြိမ်နှစ်ရာမက ပြောမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အခါအခွင့်သင့်တိုင်း ထုတ်ဖော်ပြောလေ့ရှိ၏။ လူထုကို စွဲမှတ်သွားစေချင်သည့်၊ ရင်ထဲစွဲကာ နားလည်သွားစေလိုသည့် သတင်းစကားတို့ကို ပြောပြီးဖြစ်သည့်တိုင် အထပ်ထပ်ပြောလိုသည်ဟု ဆိုလိုပါသည်။ ထိုသတင်းစကားကို လေးနက်စေချင်သည့်သဘော။

အတတ်နိုင်ဆုံး အိမ်ထဲမှာနေပါ။ လူစုလူဝေးကိုရှောင်ပါ။ လူချင်းအနည်းဆုံး ခြောက်ပေခွာ၍ ပြောဆိုဆက်ဆံပါ။ မဖြစ်မနေ အိမ်ပြင်ထွက်ရမည်ဆိုလျှင် မျက်နှာဖုံး၊ နှာခေါင်းစည်းတို့ကို တပ်ဆင်ပါ။ တစ်စုံတစ်ခုကို ကိုင်မိပြီးတိုင်း ရေ၊ ဆပ်ပြာတို့ကိုသုံး၍ လက်ကို စနစ်တကျ စက္ကန့်နှစ်ဆယ်ကြာဆေးပါ။ မကြာခဏ လက်ဆေးပါ။ သို့မဟုတ် ဓာတုလက်ဆေးရည်ကို အသုံးပြု၍ လက်ဆေးပါ။ အပြင်ကပြန်လာလျှင် တစ်ခါသုံး နှာခေါင်းစည်းဆိုပါက စနစ်တကျစွန့်ပစ်ပါ။ ပြန်လည်အသုံးပြုရမည့် နှာခေါင်းစည်းဆိုလျှင် ချက်ချင်း ဆပ်ပြာရည်စိမ်ကာ လျှော်ဖွပ်ပါ။ အပြင်သွားအဝတ်အစားများကို အိမ်ပြန်ရောက်သည်နှင့် ဆပ်ပြာရေဖြင့် စိမ်ထားပါ။ သို့မဟုတ် လျှော်ဖွပ်ပါ။

အခါအားလျော်စွာ ထုတ်ပြန်သော ကျန်းမာရေးနှင့် ပတ်သက်သည့် စည်းကမ်းစည်းမျဉ်း ဥပဒေများကို နားထောင်ပါ၊ လိုက်နာပါ။ ကိုဗစ်ကပ်ရောဂါသည် ကမ္ဘာနာဖြစ်၏။ စိတ်ရှည်ရှည်ထားကာ သတိကြီးစွာ ကျော်ဖြတ်အောင်မြင်ရန် ကြိုးစားကြရမည်ဖြစ်ပါသည်။

ဤသည်တို့ကား အမှန်တကယ်အရေးကြီးသည့် ပြည်သူတို့ နားထောင်ကြ၊ လိုက်နာကျင့်သုံးကြရန် လိုအပ်သော သတင်းစကားဖြစ်သည့်အတွက် အကြိမ်ကြိမ် အထပ်ထပ် ထုတ်ပြန်နေရခြင်းဖြစ်ပါသည်။

ယနေ့အထိ ကိုဗစ်ဗိုင်းရပ်စ်ပိုး ပြန့်ပွားမှုက ကမ္ဘာတစ်လွှားတွင် အရှိန်တစ်ခုဖြင့် သွားနေဆဲဖြစ်၏။ ကာကွယ်ဆေးရှာဖွေစမ်းသပ်ဖော်ထုတ်နိုင်ပြီဆိုသော်လည်း အပြီးသတ်ခွင့်ပြုချက်ကို စောင့်နေဆဲဖြစ်၏။ ခွင့်ပြုချက်ရ၍ ကာကွယ်ဆေးထိုးနှံကြမည်ဆိုလျှင်ပင် လိုအပ်သည့် လူအရေအတွက်ကို ထိုးနိုင်ဖို့ အချိန်ကာလတစ်ခုကို စောင့်ရဦးမည်။

ထို့ကြောင့် ပြည်သူတို့သည် ဗိုင်းရပ်စ်ပိုးပြန့်ပွားမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ကြရန် ကြိုးစားလုပ်ဆောင်ခြင်းက ခုနေခါ၌ အထိရောက်ဆုံး နည်းလမ်းဖြစ်ပါသည်။

ယခုအချိန်သည် မိုးအကုန် ဆောင်းအကူးကာလဟု ဆိုရပါမည်။ ဆောင်းရာသီသို့ စတင်ကူးပြောင်းချိန်ဖြစ်သည့်အတွက် ကိုဗစ်ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို အားပေးသည့်သဘာဝ ရှိနေ၏။ ပုံမှန်အားဖြင့်ဆိုလျှင် အများပြည်သူ ကျောင်းပိတ်ရက်ရှည်၊ ရုံးသမားများ ဝန်ထမ်းများအတွက် ရုံးပိတ်ရက်ရှည် ဖြစ်ပါသည်။ ခရီးသွားကာလဟု ဆိုရမည့်အချိန်ဖြစ်၏။

ပိတ်ရက်ရှည်၊ ခရီးသွားချိန်ဖြစ်သည့်အတွက် ရောဂါပိုးကူးစက်ပြန့်ပွားမှု များပြားလာမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့်လည်း ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားနိုင်သော အန္တရာယ်ရှိသည့် အခြေအနေဟု သတ်မှတ်ကာ ကန့်သတ်မှုများဖြင့် ထိန်းချုပ်ရန် ကြိုးစားနေကြရခြင်းဖြစ်ပါသည်။

ထိုမှတစ်ပါး၊ လွန်ခဲ့သော နိုဝင်ဘာရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲအောင်မြင်မှုကို အကြောင်းပြု၍ လူစုလူဝေးများ ရှိခဲ့ခြင်းက ရောဂါပိုးကူးစက်ပြန့်ပွားမှု တိုးမြင့်လာမည်လားဟူသည်ကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းများ ပြုလုပ်ရန်လည်း ပြင်ဆင်စီမံနေရပါ၏။

အခြေအနေအရပ်ရပ်ကို ထောက်ချင့်၍ နိုင်ငံတွင်း ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူလူထုအများမလိုအပ်ဘဲ ခရီးသွားလာမှုမပြုလုပ်ရန်၊ လူစုလူဝေးများ မပြုလုပ်ရန်နှင့်အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုပါသည်။ ထို့ပြင်တစ်ဝ၊ ပြည်သူတို့ အတတ်နိုင်ဆုံး အိမ်တွင်းတွင်သာ နေထိုင်ကြကာ ဗိုင်းရပ်စ်ပိုးကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာကြရန် ထပ်မံနှိုးဆော်လိုက်ရပါကြောင်း။ ။

မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့သည် ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အထိ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သစ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး Ms. Riikka Laatu က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဖင်လန်နိုင်ငံက လက်ရှိကူညီထောက်ပံ့ပေးလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ သစ်တောသယံဇာတစီမံခန့်ခွဲရေး၊ အရည်အသွေးပြည့်ဝသော မူလတန်းပညာသင်ယူနိုင်မှုအတွက် ဆရာ၊ ဆရာမများအားလေ့ကျင့်သင်ကြားရေးနှင့် ကျား၊ မတန်းတူညီမျှရေးဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံအား ကူညီပေးနေသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဖင်လန်သံအမတ်ကြီးတို့က ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အတွင်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေး၊ ပညာရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရာသီဥတုဒဏ်ခံနိုင်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(အပေါ်ပို့)**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဖွံ့ဖြိုးမှုအကူအညီများအား ပွင့်လင်းမြင်သာပြီး ထိရောက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) အား ပြန်လည်ပြင်ဆင်ရေးဆွဲထားပြီးဖြစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်ကိစ္စရပ်များကို လည်းကောင်း၊ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် COVID-19 ကပ်ရောဂါအလွန် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီးနှင့်အတူ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာ အကြံပေးအရာရှိများ၊ ဖွံ့ဖြိုးမှုနယ်ပယ်အလိုက် အဖွဲ့ခေါင်းဆောင်များနှင့် အကြီးတန်းအရာရှိများ ပါဝင်တက်ရောက်သည်။

သတင်းစဉ်

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ပန်းချီ ပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲ ဆုရွေးချယ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သည်။ ပန်းချီပြိုင်ပွဲ ဆုစိစစ်ရွေးချယ်ခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ကာတွန်းပြိုင်ပွဲ ဆုစိစစ်ရွေးချယ်ခြင်းကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာခန်းမ (Recreation Center) တွင် ဆောင်ရွက်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲများကို ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုများစသည်တို့ကို ဖော်ညွှန်းရေးဆွဲထားသည့် ပန်းချီများ၊ ကာတွန်းများဖြင့် ပါဝင်ယှဉ်ပြိုင်ရန် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ဖိတ်ခေါ်ခဲ့ရာ ပန်းချီပြိုင်ပွဲတွင် ပညာရှင်၊ ဝါသနာရှင် ၅၀ တို့က ပြိုင်ပွဲဝင်ပန်းချီကားပေါင်း ၅၂ ကားကို လည်းကောင်း၊ ကာတွန်းပြိုင်ပွဲတွင် ပညာရှင်၊ ဝါသနာရှင် ၄၈ ဦးတို့က ပြိုင်ပွဲဝင်ကာတွန်းပေါင်း ၄၈ ပုံကို လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုများ စိစစ်အကဲဖြတ်ရွေးချယ်

ပြိုင်ပွဲဝင်ပန်းချီများ ဆုစိစစ်ရွေးချယ်ခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ ပန်းချီပညာရှင်များက လည်းကောင်း၊ ပြိုင်ပွဲဝင်ကာတွန်းများကို မြန်မာနိုင်ငံ ကာတွန်းဆရာများအသင်းမှ ပညာရှင်များက လည်းကောင်း ပြိုင်ပွဲဝင် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ် စိစစ်ရွေးချယ်ခဲ့ကြသည်။ ပန်းချီပြိုင်ပွဲတွင် ပထမဆုအဖြစ် ဦးတင်ဝင်း (ကံ့ကော်ရွာတင်ဝင်း)၊ ဒုတိယဆုအဖြစ် မဖူးမြတ်သဇင်နိုင်၊ တတိယဆုအဖြစ် ဒေါ်ဝါဝါရှိန် (ခင်ယွန်းစံ)၊ အထူးဆုများအဖြစ် အထူးဆု-၁ ဦးအောင်မြင့်စိုး (ပန်းချီကိုကိုအောင်)၊ အထူးဆု-၂ ကိုကျော်စွာ (ရွှေရိုးရာ)၊ အထူးဆု-၃ ဦးမင်းစိုး (မင်းစိုး)၊ အထူးဆု-၄ ဦးကျော်မိုးလွင် (ကေမိုးကို)၊ အထူးဆု-၅ ဦးသောင်းထွန်း (သောင်းထွန်း)တို့က လည်းကောင်း၊ ကာတွန်းပြိုင်ပွဲတွင် ပထမဆုအဖြစ် ဦးရဲကျော်သူ (ကာတွန်းပေါ်ကာ)၊ ဒုတိယဆုအဖြစ် ဦးဇော်လင်း (ကာတွန်း မင်းဇော်ဦး)၊ တတိယဆုအဖြစ် ဦးမောင်မောင်လေး (ခ) မင်းဌေးလွင်၊ အထူးဆုများအဖြစ် အထူးဆု-၁ ဦးသန်းလင်း (ကာတွန်းဆန်းလင်း)၊ အထူးဆု-၂ မောင်ပညာ၊ အထူးဆု-၃ ဒေါ်နီလာမြင့် (နီလာမြင့်- City News)၊ အထူးဆု-၄ ဦးလှထွန်ဦး၊ အထူးဆု-၅ ဦးအေးချမ်းအောင် (မော်စီ) တို့က လည်းကောင်း အသီးသီးဆုများရရှိခဲ့ကြသည်။

"ရာပြည့်တက္ကသိုလ် မြကျွန်းညို" ကာတွန်းပြိုင်ပွဲ ဆုရွေးချယ်ရေးအဖွဲ့က အကဲဖြတ်စစ်ဆေးစဉ်။

အဆိုပါ ပန်းချီ၊ ကာတွန်း ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံ အသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

သတင်း- အုပ်မှူးဇော် (ပြန်/ဆက်)
ဓာတ်ပုံ - အောင်မြင့် (ပြန်/ဆက်)

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၂၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

“ကိုဗစ်နဲ့ပတ်သက်ပြီး ကာကွယ်ဆေးကဘယ်တော့ရမလဲ၊ ဘယ်တော့ထွက်မလဲဆိုတာ တချို့ကတော့ သိချင်မှာပေါ့။ နောက်ဆုံးရတဲ့ သတင်းအရတော့ ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီကြီးတစ်ခုကဆိုရင် ကိုဗစ်နဲ့ပတ်သက်တဲ့ ကာကွယ်ဆေး ထုတ်လုပ် စမ်းသပ်တဲ့အဆင့်ဟာ ၉၇ ရာခိုင်နှုန်းရောက်နေပြီလို့ပြောပါတယ်။ တချို့ကဆိုရင် နောက်လလောက်က စပြီးတော့ ဒီကုမ္ပဏီကနေ ထုတ်နိုင်မယ့် အနေအထားရှိနိုင်တယ်လို့ တွက်ကြပါတယ်။ ဘယ်လိုပဲပြောပြောပေါ့။ ကုမ္ပဏီကြီးတစ်ခုကနေ စထုတ်နိုင်ပြီဆိုရင် တခြားကုမ္ပဏီတွေကလည်း ထုတ်ကြမှာပဲ။ ဒီတစ်ခုတည်း ထုတ်မှာ မဟုတ်ပါဘူး။ ဒီကုမ္ပဏီကြီးက သူတို့နိုင်ငံသားကိုတော့ အရင်ဦးစားပေးမှာပေါ့။ ဒါတော့ သဘာဝကျပါတယ်။ သို့သော်လည်း ကျွန်မတို့အနေနဲ့လည်း စောစောစီးစီးကာကွယ်ဆေးပေါ်ရင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုအဖွဲ့တွေရဲ့ အကူအညီနဲ့ မြန်မြန်ဆန်ဆန် ကျွန်မတို့ ပြည်သူတွေအတွက် ကာကွယ်ဆေးရအောင်လုပ်ဖို့ အစီအစဉ်တွေ လုပ်ထားပါတယ်”

❁ *ရှေ့ဖုံးမှ*

ကျွန်မထပ်ပြီး သတိပေးချင်တာကတော့ ရောဂါလက္ခဏာရှိတယ်ဆိုရင် ဆေးရုံကိုမြန်မြန်သွားစေချင်တာပါ။ ဆေးရုံကို တက်ရမှာကြောက်လို့ မသွားကြဘူးဆိုပြီး အဲဒီလိုသတင်းတွေလည်း ကျွန်မတို့ကြားရတယ်။ အသေအပျောက်ရှိတဲ့အခါ ကွယ်လွန်အနိစ္စရောက်သွားတဲ့သူ တော်တော်များများဟာ ဆေးရုံတက်တာနောက်ကျတာလို့ နားလည်ပါတယ်။ အဲဒီတော့ စောစောစီးစီးတက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ စောစောစီးစီး ဆေးရုံတက်ရမှာ စိုးရိမ်ကြတယ်လို့လည်း ကျွန်မနားလည်ပါတယ်။ စိုးရိမ်ကြတယ်ဆိုတာဟာ စောစောပိုင်းကဆိုရင် ကျွန်မတို့က ကိုဗစ်အတွက် ပြင်ဆင်မှုတွေဟာ သိပ်ပြီးတော့ မလုံလောက်သေးတော့ မဝိပြင်သေးဘူးပဲ ပြောရမှာပေါ့။ အဲဒီအချိန်ကာလတုန်းကဆိုရင် ဆေးရုံတက်ရတာဟာ အဆင်မပြေဘူးဆိုတဲ့ သတင်းတွေပြန့်တော့ တချို့က တက်ရမှာ ကြောက်တယ်လို့ကြားပါတယ်။ အခုတော့ ဆေးရုံတွေမှာ သေသေချာချာ စီစဉ်ထားပါတယ်။ ဘာမှလည်း စိုးရိမ်စရာမလိုပါဘူး။

ဒါတွေနဲ့ပတ်သက်လို့ ပြည်သူများသိအောင်လို့ သတင်းဖြန့်ဖို့ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်မြင်သံကြားမှာပြနိုင်ဖို့ ကျွန်မတို့ စီစဉ်ပါတယ်။ နောက်တစ်ခုကတော့ တစ်ယောက်တည်းသွားရမှာကို ကြောက်ကြတယ်။ အထီးကျန်မှာကို စိုးရိမ်ကြတယ်လို့ နားလည်ပါတယ်။ ကိုဗစ်ရောဂါနဲ့ ဆေးရုံတက်တယ်ဆိုရင်တော့ လူနာစောင့် ခွင့်မပြုပါဘူး။ သို့သော်ငြားလည်း အခုအချိန်မှာဆိုရင် သက်ကြီးရွယ်အိုတွေ၊ မသန်စွမ်းတဲ့သူတွေ၊ တော်တော်ရောဂါပြင်းထန်တဲ့သူတွေဆိုရင် အစောင့်ခေါ်သွားဖို့ စီစဉ်ပေးပါတယ်။ ဒါပေမယ့် ဆေးရုံမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတော့ တိတိကျကျလိုက်နာဖို့ လိုပါမယ်။ စောင့်တဲ့သူက ဖျားနေတယ်ဆိုရင် လူနာအတွက်လည်း ဘာမှအကျိုးမရှိပါဘူး။ ဒါကြောင့် ဆေးရုံသွားရမှာ မကြောက်ပါနဲ့။ ရောဂါလက္ခဏာပြတာနဲ့ မြန်မြန်ဆန်ဆန်သွားပါ။ နောက်တစ်ခုကလည်း အခုရောဂါပြန့်ပွားမှု များလာတယ်ဆိုတာ ကြိုတင်ခန့်မှန်းပြီးသားဖြစ်တဲ့အပြင် တချို့ပြည်သူတွေ သိပ်စိုးရိမ်နေမှာစိုးလို့ ကျွန်မပြောချင်တာက အခုအချိန်မှာ စစ်ဆေးနိုင်တဲ့ နှုန်းကလည်း တက်လာလို့ ရောဂါတွေ့တဲ့နှုန်း တက်လာတာလည်း ပါပါတယ်။ ဒါကြောင့် စိုးရိမ်မလွန်ပါနဲ့။ သတိဆိုတာတော့ အမြဲရှိရမှာပေါ့။

ကျွန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ပန်ကြားချက်ထုတ်ထားပါတယ်။ ဒီအချိန်မှာ အထူးဂရုစိုက်ဖို့လိုတယ်။ ဒါကြောင့်ဖြစ်နိုင်ရင် အပြင်မထွက်ပါနဲ့။ အိမ်မှာပဲနေပါ။ နောက်ပြီးတော့ Mask တို့၊ ဖြစ်နိုင်ရင် Face Shield တို့ပေါ့။ Mask အရှေ့မှာ အကာကိုပါ တပ်ပါဆိုပြီးတော့ ပန်ကြားထားတာရှိပါတယ်။ ဖြစ်နိုင်ရင် နှစ်ခုစလုံးကို တပ်စေချင်ပါတယ်။ Mask တပ်စေချင်တယ်။ Face Shield ကိုလည်း တပ်စေချင်တယ်။ အထူးသဖြင့် Stay at Home မြို့တွေအပြင် ရောဂါဖြစ်ပွားမှုများတဲ့ နေရာတွေမှာ ဒီလိုလုပ်စေချင်ပါတယ်။ နောက်တစ်ခုက ရောဂါပြန့်ပွားမှုနှုန်းတွေ တက်နေတဲ့နေရာတွေမှာတော့ Stay at Home ကြေညာရပါလိမ့်မယ်။ ဒါကထိန်းဖို့ ပိုပြီးတော့ ပြန့်ပွားမှုမရှိအောင် ထိန်းဖို့ပေါ့။ လျော့ကျသွားတဲ့နေရာတွေကို ကြည့်ပြီးတော့ ဖြေလျှော့ပေးပါမယ်။ ကိုဗစ်နဲ့ပတ်သက်လို့ အချိန်ကလည်း နည်းနည်းကြာလာပြီ၊ တော်တော်အတွေ့အကြုံများလာပြီဆိုတော့ ဘယ်ကဏ္ဍတွေမှာ လျှော့ပေးလို့ရမလဲ၊ ဘယ်ကဏ္ဍတွေမှာ ဆက်ပြီးခပ်တင်းတင်းကျပ်ကျပ် စည်းမျဉ်းစည်းကမ်းတွေ ကန့်သတ်ထားရမလဲ၊ ဘယ်ကဏ္ဍတွေမှာ နည်းနည်းပိုပြီးတော့ စည်းမျဉ်းစည်းကမ်း တင်းတင်းကျပ်ကျပ်လုပ်ဖို့လိုတယ်ဆိုတာကို မြင်လာပါတယ်။ ဒါကြောင့် အခြေအနေကောင်းလာတာနဲ့အမျှ ဖြေလျှော့ပေးမှာဖြစ်ပါတယ်။ နောက်အခြေအနေ နည်းနည်းပိုပြီးတော့ သတိထားရမယ့် နေရာတွေမှာဆိုရင် ပိုပြီးတော့ တင်းကျပ်ရပါလိမ့်မယ်။ လိုတိုးပိုလျှော့ပေါ့။ ဒါကလည်း တစ်ချိန်လုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ကျန်တဲ့သက်ဆိုင်ရာဌာနတွေက လေ့လာပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့ ထည့်ပြောရမယ်ဆိုရင် ကျွန်မတို့အခု ခရစ္စမတ်နီးလာပြီ။ ခရစ္စမတ်ပြီးတဲ့အခါကျရင်လည်း နှစ်သစ်ကူးက လာပါတော့မယ်။ ခရစ္စမတ်ကာလမှာဆိုရင် အထူးသဖြင့် မြို့ကြီးတွေဆိုတာ ရန်ကုန်မြို့တို့၊ မန္တလေးမြို့တို့ ကိုဗစ်လည်း မြန်မြန်ပြန့်ပွားနေတဲ့နေရာတွေလည်းဖြစ်တယ်၊ လူဦးရေလည်း များတဲ့ နေရာတွေလည်းဖြစ်တယ်။ ဒီမြို့ကြီးတွေဟာဆိုရင် နှစ်တိုင်း နှစ်တိုင်း လိုလို ခရစ္စမတ်ပွဲတော်ကို ကြီးကြီးကျယ်ကျယ် လူစုလူဝေးနဲ့ ကျင်းပလေ့ရှိပါတယ်။ ဒီဟာတွေ ဒီနှစ် ခွင့်မပြုထားပါဘူး။ ဒါပေမယ့် ခွင့်မပြုလို့လည်း ပြည်သူတွေရဲ့ စိတ်ကျဉ်းကျပ်မှုတွေကို ကျွန်မတို့ နားလည်သောအားဖြင့် တတ်နိုင်သမျှ ရုပ်မြင်သံကြားကတစ်ဆင့် ပြည်သူတွေအတွက် ဖျော်ဖြေရေး အစီအစဉ်တွေ လုပ်ဖို့ကြိုးစားနေပါတယ်။ တတ်နိုင်သလောက် လုပ်ပါမယ်။ ပြည်သူတွေ အိမ်ထဲမှာနေတဲ့အခါကျရင် သိပ်ပြီးတော့ မငြီးငွေ့အောင်၊ မပျင်းရိအောင်လို့ဖြစ်ပါတယ်။ အိမ်ထဲမှာနေတဲ့အခါမှာ မငြီးငွေ့အောင်၊ မပျင်းရိအောင်တင်မက အကျိုးရှိအောင်လည်း ကျွန်မတို့အစီအစဉ်တွေ ချနေတာပါ။

အဲဒါက ဘာလဲဆိုတော့ အခုက အိုင်တီနည်းပညာခေတ်ဖြစ်တယ်။ အိုင်တီနည်းပညာဟာ တစ်ကမ္ဘာလုံးမှာ တိုးတက်နေတယ်။ ကျွန်မတို့နိုင်ငံကို အိုင်တီနည်းပညာ ရောက်လာပြီး ပြန့်ပွားလာတာ နိုင်ငံတော်တော်များများနဲ့ စာရင် နောက်ကျနေတယ်လို့ ပြောရပါမယ်။ သို့သော်ငြားလည်း မြန်ဆန်ပါတယ်။ အခု ငါးနှစ်အတွင်းမှာ ပြည်သူလူထုရဲ့ မိုဘိုင်းဖုန်း အသုံးပြုမှုနှုန်းဟာ ၁၀၀ ရာခိုင်နှုန်း ကျော်သွားပါပြီ။ ပြောရမယ်ဆိုရင် ပျမ်းမျှခြင်းအားဖြင့် တစ်ယောက်မှာ တစ်လုံးမကတောင် ရှိနေတယ်လို့ ပြောလို့ရပါတယ်။ ပြီးတော့ ပြည်သူတွေဟာ မိုဘိုင်းဖုန်းကို သုံးတတ်လာပြီ၊ ဒီမိုဘိုင်းဖုန်းကို သုံးခြင်းအားဖြင့် စီးပွားရေးဘက်၊ ပညာရေးဘက်မှာလည်း ထိထိရောက်ရောက် တိုးတက်နိုင်အောင် သုံးနည်းသုံးဟန်တွေ ပြည်သူတွေ ကြားထဲမှာ ပညာပေးဖို့၊ နောက်ပြီး သုံးပြီးတော့ ပြည်သူတွေရဲ့ စီးပွားရေးဘက်မှာ တောင့်တင်းလာဖို့ဆိုတဲ့ အစီအစဉ်တွေလည်း စပြီးချမှတ်နေပါတယ်။ ဒီစီမံကိန်းတွေကိုလည်း စပြီးတော့ အကောင်အထည်ဖော်မှာဖြစ်ပါတယ်။

နောက်အပတ်ကျရင် ကိုဗစ်နဲ့ပတ်သက်တဲ့ အစီအစဉ်တွေ နည်းနည်းပြောင်းပါမယ်။ အခုထိဆိုရင် တစ်ပတ်မှာသုံးကြိမ် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အမေးအဖြေအစီအစဉ်တွေ လုပ်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ မေးတဲ့မေးခွန်းတွေကလည်း နည်းနည်းတော့ထပ်လာပြီး ပြည်သူတွေကလည်း တော်တော်များများ တော်တော်ကျယ်ကျယ်ပြန့်ပြန့် ကိုဗစ်နဲ့ပတ်သက်လို့ သိနေပါပြီ။ နောက်အပတ်ကနေစပြီး အင်္ဂါနေ့တိုင်းမှာ ပုံမှန်ကျန်းမာရေး အမေးအဖြေ အစီအစဉ်တွေ လုပ်ပါမယ်။ ဗုဒ္ဓဟူးနေ့မှာ စီးပွားရေးနဲ့ပတ်သက်တဲ့ အွန်လိုင်းနည်းပညာတွေ သုံးပြီး၊ ခေတ်မီနည်းပညာတွေသုံးပြီး စီးပွားရေးဘက်မှာ၊ ပညာရေးဘက်မှာ ချိတ်ဆက်ပြီးတော့ ဘယ်လိုလုပ်ဆောင်နိုင်မလဲဆိုတဲ့ ပညာပေးအစီအစဉ်တွေ လုပ်ပါမယ်။

ကြာသပတေးနေ့ကျရင် ဒီအစီအစဉ်တွေကို လက်တွေ့အကောင်အထည်ဖော်တဲ့ပုံစံနဲ့ ပြပါမယ်။ ဥပမာ အခြေခံအားဖြင့် စီးပွားရေးဟာ ဘာလဲလို့ ပြောလိုက်ရင် အရိုးသားဆုံးနဲ့ အလွယ်ဆုံးပြောရမယ်ဆိုရင် ဝယ်လိုအားနဲ့ ရောင်းလိုအားကို ချိတ်ဆက်ပေးပြီး မျှတအောင်လုပ်တာပါ။ လူတစ်ယောက်က ရောင်းချင်တာရှိရင် နောက်တစ်ယောက်က ဝယ်အောင်လို့ လုပ်ရပါမယ်။ ဝယ်တယ်၊ ရောင်းတယ်ဆိုတာ ပစ္စည်းတင်မဟုတ်ပါဘူး။ လုပ်ငန်းဆောင်ရွက်မှုတွေလည်းပါပါတယ်။ လုပ်အားရော၊ ပညာရောအမျိုးမျိုးပေါ့။ ကိုယ့်မှာရှိတာနဲ့၊ လိုတာနဲ့ရှိတဲ့နေရာကနေ လိုတဲ့နေရာကို ချိတ်ဆက်ပေးပြီးတော့ အလုပ်ဖြစ်အောင်လုပ်တာ၊ မျှတအောင်လုပ်တာဖြစ်တယ်။ ဒီဟာအတွက် ခေတ်မီနည်းပညာတွေ သုံးတဲ့အခါမှာ အင်မတန်မှ ထိရောက်ပါတယ်။ ဥပမာအားဖြင့် တောင်သူလယ်သမားတစ်ယောက်က သူ့မှာရှိနေတဲ့ ရွှေဖရုံသီးတွေ ရောင်းချင်တယ်ဆိုရင် ရွှေဖရုံသီးရောင်းနိုင်တယ်ဆိုတာကို သိအောင်လို့ အွန်လိုင်းကနေပြီး အသိပေးလိုက်ရင် ရွှေဖရုံသီးဝယ်ချင်တဲ့မြို့က စားသောက်ဆိုင်ကပဲဖြစ်ဖြစ်၊ အသီးအနှံရောင်းတဲ့ဆိုင်ကပဲဖြစ်ဖြစ် ချိတ်ဆက်ပြီး စီးပွားရေးလုပ်ငန်းဖြစ်အောင်လုပ်နိုင်တာကို ပြောတာပါ။ ရွှေဖရုံသီးလို့ပြောတာက ကျွန်မက ရွှေဖရုံသီးကြိုက်လို့ပါ။ တခြားဟာ ဘာမဆိုလည်း လုပ်လို့ရပါတယ်။ ဒီဟာတွေက မြို့တွင်းမှာတင် အလုပ်နဲ့ပတ်သက်လို့လည်း လုပ်လို့ရတယ်။ ဥပမာ လုပ်ငန်းရှင်တစ်ယောက်က ဘယ်လိုအရည်အချင်းနဲ့ကိုက်ညီတဲ့ ဝန်ထမ်းတစ်ယောက်လိုချင်တယ်ဆိုရင် အဲဒါကို အွန်လိုင်းမှာတင်လိုက်လို့ရှိရင် အဲဒီအရည်အချင်းနဲ့ ကိုက်ညီတဲ့ ပြည်သူတစ်ဦးက လုပ်ငန်းရှင်နဲ့ချိတ်ဆက်ပြီး အလုပ်ကို ရအောင်လို့ကြိုးစားနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုပြောတာတွေကို လုပ်ပြမယ်ဆိုရင် ပြည်သူတွေ ရှင်းရှင်းလင်းလင်းနားလည်ပြီး လုပ်တတ်သွားမယ်လို့ ယူဆပါတယ်။

ဗုဒ္ဓဟူးနေ့မှာဆိုရင် သီအိုရီအရ ဘယ်လို ဘယ်လိုလုပ်ရမယ်၊ ဘယ်လို ဘယ်လိုစီစဉ်မယ်ဆိုတာကို ပြောပြီးတော့ ကြာသပတေးနေ့မှာဆိုရင် ကျွန်မတို့ တကယ့်ကို ရွေးချယ်ထားတဲ့ ဝယ်လိုအားရှိတဲ့သူ တစ်ယောက်နဲ့ ရောင်းလိုအားရှိတဲ့သူတစ်ယောက် ဘယ်လိုဘယ်လို ချိတ်ဆက်ပြီးတော့ ဘယ်လိုလုပ်ရမလဲဆိုတာကို သင်ခန်းစာအဖြစ် ပြည်သူတွေ အတွေ့အကြုံ တစ်ခုအနေနဲ့ သိသွားအောင်လို့ လုပ်ပေးပါမယ်။ နောက်ပိုင်းကျရင် ဒီဟာတွေကို ပိုပြီးချဲ့လာမယ်။ ဘယ်လိုချဲ့မယ်ဆိုတာက စီးပွားရေးလုပ်ငန်းတွေဘက်မှာလည်း အများကြီးပိုပြီးတော့ ချဲ့မယ်။ နောက်တစ်ခုက ပညာရှာတဲ့ဘက်မှာ ကိုယ့်ရဲ့ အရည်အချင်းမြှင့်တင်ရေး၊ နောက်ပြီးတော့ အွန်လိုင်းကနေ စာအုပ်ငှားတာပေါ့။ အွန်လိုင်း စာကြည့်တိုက်ပုံစံမျိုးကို စပြီးတော့ လုပ်ပါမယ်။ နောက်အပတ်ကနေစပြီး ဒီဟာတွေကို စီစဉ်ထားတာဖြစ်ပါတယ်။ ပြည်သူတွေ အနေနဲ့ စိတ်ဝင်စားမယ်လို့ မျှော်လင့်ပါတယ်။ ကြည့်လည်း ကြည့်စေချင်ပါတယ်၊ လေ့လာစေချင်ပါတယ်။ အဲဒါက ကိုဗစ်ကာလတစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ကိုဗစ်အလွန်ကာလမှာ ကိုဗစ်ကြောင့်ထိခိုက်ခဲ့တဲ့ စီးပွားရေး ပြန်ပြီး ဦးမော့လာဖို့ ဒီဟာတွေကို အားပေးဖို့လိုပါတယ်။

ကျွန်မတို့ပြည်သူတွေရဲ့ အရည်အချင်းတွေ၊ နည်းပညာ အရည်အချင်းတွေ မြှင့်တင်ပေးဖို့လိုပါတယ်။ မိုဘိုင်းဖုန်းတွေကို လက်တွေ့ကျကျနဲ့ ကိုယ့်စီးပွားရေးတိုးတက်ဖို့အတွက်၊ ကိုယ့်ရဲ့မိသားစုအတွက် ဘယ်လိုသုံးရမလဲ ဆိုတာကို နားလည်နိုင်ဖို့ကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုချိတ်ဆက်တဲ့အခါမှာ အစိုးရနဲ့ပြည်သူတွေကြား ချိတ်ဆက်တာမှာ၊ အစိုးရဌာနတွေနဲ့ ပြည်သူတွေအကြား ချိတ်ဆက်တာမျိုးတွေလည်း ပိုမိုပြီးတော့ လုပ်လာပါမယ်။

ပြောရမယ်ဆိုရင် ဥပမာ လိုင်စင်တွေ သွားယူတာဆိုရင် ကိုယ်တိုင်မသွားရအောင် တချို့ကိုယ်တိုင်သွားပြီးတော့ လုပ်ရတဲ့ကိစ္စတွေ ကိုယ်တိုင်မသွားဘဲနဲ့ အွန်လိုင်းကနေလုပ်နိုင်အောင် စသဖြင့်ပေါ့။ ဒါတွေလည်း ပညာပေးအစီအစဉ်တွေမှာ ပါနေမှာပါ။ ဒါတွေနဲ့ပဲ စီးပွားရေးကို တိုးတက်အောင် လုပ်မှာလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်မတို့မှာ နိုင်ငံတော် စီမံကိန်းကြီးတွေလည်း အများကြီး စီစဉ်ထားတာရှိပါတယ်။ ဥပမာဆိုရင် နောက်လ ဒီဇင်ဘာလမှာ ကိုရီးယား- မြန်မာ စက်မှုဇုန်ကို လှည်းကူးမြို့နယ်မှာ စပြီး အုတ်မြစ်ချပါမယ်။ နောက် မကြာမီကာလမှာ မြန်မာ- စင်ကာပူ စက်မှုဥယျာဉ်ပေါ့။ အဲဒါကလည်း လှည်းကူးမြို့နယ်မှာပါပဲ။ ဒါကိုလည်း စပြီးတော့ အကောင်အထည်ဖော်ပါမယ်။ နောက်ပြီးတော့ ဒဂုံမြို့သစ်ဘက်မှာဆိုရင်လည်း Smart and Eco City Project ပေါ့။ မြို့သစ်စီမံကိန်းတစ်ခုလို့ပဲ ပြောရမှာပေါ့။ နည်းပညာတိုးတက်မှုနဲ့ပြည့်ဝတဲ့ မြို့စီမံကိန်းတစ်ခုကို စပြီး အကောင်အထည်ဖော်ဖို့ရှိပါတယ်။

ဒီလိုစီမံကိန်းကြီးတွေ အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရုံတင်မကဘူး။ ကျွန်မတို့ ပြည်သူတွေအတွက် အလုပ်အကိုင်ဖန်တီးမှုဘက်မှာ အင်မတန်မှ အရေးပါပါတယ်။ အလုပ်အကိုင်ဖန်တီးခြင်းအားဖြင့် ကိုဗစ်နောက်ပိုင်းကာလမှာ ပြည်သူတွေ တစ်ဦးချင်းရဲ့ စီးပွားရေးအခြေအနေ ဦးမော့လာအောင်လို့ ဒါတွေဟာ အထောက်အကူဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခု ကိုဗစ်ရောဂါ နည်းနည်းပြန်ပြီး ပြန့်ပွားလာတဲ့ကာလမှာ ရာသီဥတုက အေးလာလို့ ဒီရောဂါပိုးတွေ ပြန်ပြီးတော့၊ ပိုပြီးတော့ နည်းနည်းပြင်းထန်လာတဲ့ ကာလအတွင်းမှာ ကျွန်မတို့ ပြည်သူတွေက သတိထားစေချင်တယ်။ အားတင်းထားပါ။ ဒီဟာတွေကို ကျော်လွှားနိုင်မှာပါ။ ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။

ကျော်လွှားနိုင်မယ်ဆိုလို့ ပြောရမယ်ဆိုရင် ကိုဗစ်နဲ့ ပတ်သက်ပြီး ကာကွယ်ဆေးကဘယ်တော့ရမလဲ၊ ဘယ်တော့ထွက်မလဲဆိုတာ တချို့ကတော့ သိချင်မှာပေါ့။ နောက်ဆုံးရတဲ့ သတင်းအရတော့ ဆေးဝါးထုတ်လုပ်မှု ကုမ္ပဏီကြီးတစ်ခုကဆိုရင် ကိုဗစ်နဲ့ပတ်သက်တဲ့ ကာကွယ်ဆေး ထုတ်လုပ် စမ်းသပ်တဲ့အဆင့်ဟာ ၉၇ ရာခိုင်နှုန်းရောက်နေပြီလို့ပြောပါတယ်။ တချို့ကဆိုရင် နောက်လလောက်ကစပြီးတော့ ဒီကုမ္ပဏီကနေ ထုတ်နိုင်မယ့် အနေအထားရှိနိုင်တယ်လို့ တွက်ကြပါတယ်။ ဘယ်လိုပဲပြောပြောပေါ့။ ကုမ္ပဏီကြီးတစ်ခုကနေ စထုတ်နိုင်ပြီဆိုရင် တခြားကုမ္ပဏီတွေကလည်း ထုတ်ကြမှာပဲ။ ဒီတစ်ခုတည်း ထုတ်မှာမဟုတ်ပါဘူး။ ဒီကုမ္ပဏီကြီးက သူတို့နိုင်ငံသားကိုတော့ အရင်ဦးစားပေးမှာပေါ့။ ဒါတော့ သဘာဝကျပါတယ်။ သို့သော်လည်း ကျွန်မတို့အနေနဲ့လည်း စောစောစီးစီးကာကွယ်ဆေးပေါ်ရင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုအဖွဲ့တွေရဲ့ အကူအညီနဲ့ မြန်မြန်ဆန်ဆန် ကျွန်မတို့ ပြည်သူတွေအတွက် ကာကွယ်ဆေးရအောင်လုပ်ဖို့ အစီအစဉ်တွေ လုပ်ထားပါတယ်။

ကာကွယ်ဆေးတွေ သိုလှောင်ဖို့၊ ဖြန့်ဖြူးဖို့၊ ထိုးပေးဖို့ အစီအစဉ်တွေလည်း စပြီးလုပ်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ဒီကြားထဲမှာ ရောဂါမရအောင်နေပါ။ ကာကွယ်ဆေး ပေါ်ခါနီးမှ ရောဂါရတယ်ဆိုရင် မကောင်းပါဘူး။ ဒါကြောင့် အားတင်းထားပါ။ ဂရုစိုက်ပါ။ တတ်နိုင်သမျှ ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ အပြင်မထွက်ကြပါနဲ့။ လူစုလူဝေးဖြစ်အောင် မနေကြပါနဲ့။ မလွဲမရှောင်သာလို့ အပြင်ထွက်ရမယ်ဆိုရင် Mask တပ်ပါ။ ဖြစ်နိုင်ရင် Mask အပေါ်ကနေ ပလတ်စတစ်အကာ၊ Face Shield လို အကာတပ်စေချင်ပါတယ်။

ဒီအချိန်မှာ ကျွန်မတို့ အင်အားတွေကိုတော့ ထုတ်ရမှာပေါ့။ ဒါပေမယ့် ဒီအင်အားတွေက ရှိပြီးသားလို့ ယုံကြည်ပါတယ်။ အဲဒီတော့ ရှိတဲ့အင်အားတွေကို သုံးသင့်တဲ့အချိန်မှာ သုံးရမှာပေါ့။ အားလုံးပြည်သူတွေ အင်အားအပြည့်အဝနဲ့ ဆက်ပြီးတော့ ကိုဗစ်ရောဂါအောင်နိုင်ရေး ပြီးပြည့်စုံအောင်၊ ပြည့်ပြည့်စုံစုံ ဆုံးခန်းတိုင်ရောက်တဲ့အထိ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ ဆော်သြချင်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

(၃၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၈) ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး (38th ASEAN Ministers on Energy Meeting–AMEM)၏ ဆက်စပ်အစည်းအဝေး အစီအစဉ်များဖြစ်သည့် (၁၇) ကြိမ်မြောက် ASEAN+3 အစည်းအဝေး၊ (၄)ကြိမ်မြောက် ASEAN–IRENA အစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် East Asia Summit Energy Ministers Meeting (EAS–EMM) အစည်းအဝေးများကို ယနေ့နံနက် ၈ နာရီတွင် ဗီယက်နမ်နိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။ **(ယာအပေါ်ပို့)**

(၁၇) ကြိမ်မြောက် ASEAN+3 စွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်တို့မှ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ အထွေထွေ အတွင်းရေးမှူး ချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စွမ်းအင်ဖူလုံရေး (Energy Security)၊ ကာဗွန်ထုတ်လွှတ်မှုနည်းသည့် သန့်ရှင်းသောစွမ်းအင်နှင့် အခြားစွမ်းအင်အသစ်များ ပြောင်းလဲသုံးစွဲရေး၊ စွမ်းအင် အကျိုးရှိထိရောက်ရေးနှင့် ထိန်းသိမ်းရေး (Energy Efficiency and Conservation) တို့အတွက် ASEAN+3 နိုင်ငံများမှ နည်းပညာနှင့် Capacity Development Program များ ပံ့ပိုးကူညီပေးရေး၊ ကိုဗစ်ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးပြန်လည် နာလန်ထူရန်အတွက် စွမ်းအင်ကဏ္ဍအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

(၄)ကြိမ်မြောက် ASEAN–IRENA အစည်းအဝေးသို့ အာဆီယံစွမ်းအင်ဝန်ကြီးများနှင့် International Renewable Energy Agency (IRENA)၏ Director General Mr. Francesco La Camera တို့တက်ရောက်ကြပြီး ASEAN–IRENA (အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာပြန်ပြည့်မြဲ စွမ်းအင်အေဂျင်စီ)တို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြန်ပြည့်မြဲစွမ်းအင်နှင့် စွမ်းအင်အသစ်များ တိုးမြှင့်သုံးစွဲရေး

အတွက် နည်းပညာနှင့် ငွေကြေးပံ့ပိုးကူညီမှုဆိုင်ရာ ၂၀၁၉–၂၀၂၀ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၀–၂၀၂၁ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ (၁၄) ကြိမ်မြောက် EAS–EMM အစည်းအဝေးတွင် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများ ဖြစ်သော တရုတ်၊ ကိုရီးယား၊ ဂျပန်၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်၊ ဩစတြေးလျ၊ အိန္ဒိယနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် ကိုယ်စားလှယ်များတက်ရောက်ကြပြီး အရှေ့အာရှနိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် လက်ရှိပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ကမ္ဘာ့ကပ်ရောဂါ၏ စီးပွားရေးသက်ရောက်မှုများကို စွမ်းအင်ကဏ္ဍမှ တုံ့ပြန်ကုစားဆောင်ရွက်နိုင်မည့် လက်တွေ့ကျသော မူဝါဒများကို ချမှတ်ဆောင်ရွက်ရေး၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ASEAN Plan of Action for Energy Cooperation – APAEC) Phase II (2021–2025)ပါ အစီအစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ တည်ငြိမ်ပြည့်ဝပြီး သန့်ရှင်းသော စွမ်းအင်များ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော လူမှုအဖွဲ့အစည်း (Low Carbon Society) ထူထောင်နိုင်ရေးတို့အတွက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တွင် ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံစွမ်းအင် ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် ASEAN Plan of Action for Energy Cooperation Phase II (2021–2025) အား အတည်ပြုခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အား ရောင်းဝယ်ရေး၊ စွမ်းအင်ခြိုးခြံချွေတာရေး၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး၊ သန့်ရှင်းသောကျောက်မီးသွေးကဏ္ဍ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး (Clean Coal Technology)၊ မြို့ပြသုံး နျူကလီးယားစွမ်းအင်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ ကိုဗစ်ကာလအလွန် ဒေသတွင်းစီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှုများဆောင်ရွက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေးနှင့် Energy Security ကိစ္စများကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၃၁) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့)အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၁)ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၊ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ Unicef မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. June Kunugi ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး မူဝါဒ ရေးဆွဲရေးနည်းပညာဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေ ရေးဆွဲရေးအဖွဲ့ဝင်များ၊ ဆယ်ကျော်သက်ကလေးသူငယ် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ မြှင့်တင်ဆောင်ရွက်ရန်အတွက် ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့သော (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အပြည်ပြည်ဆိုင်ရာ စာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထိုရက်ကို ဂုဏ်ပြုသည့်

အနေဖြင့် နှစ်စဉ် နိုဝင်ဘာ ၂၀ ရက်ကို World Children's Day (ကမ္ဘာ့ကလေးများနေ့)အဖြစ် သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိကြရာ ယခုနှစ်သည် (၃၁)ကြိမ်မြောက် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း အပြည်ပြည်ဆိုင်ရာ စာချုပ်ကို ၁၉၉၁ ခုနှစ် သြဂုတ် ၁၅ ရက်တွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး ကလေးသူငယ်များနှင့် ပတ်သက်၍ အခြားနိုင်ငံများနည်းတူ "ကမ္ဘာ့ကလေးများနေ့" အခမ်းအနားများကို ကျင်းပလျက်ရှိသည့်အပြင် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ကို "မြန်မာ့ကလေးများနေ့" ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ကလေးသူငယ်များအတွက် နိုင်ငံတစ်ဝန်းမှာ အထိမ်းအမှတ်အခမ်းအနားများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ဝန်ကြီးဌာန အနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး မွေးစမှ(၈)နှစ်အရွယ်အထိ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းအစီအစဉ်များ၊ တိုင်းတာစစ်ဆေးမှုများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကလေးသူငယ်အား ရောင်းချခြင်းနှင့် ညစ်ညမ်းရုပ်ပုံများဆိုင်ရာ နောက်ဆက်တွဲစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ စာချုပ်တစ်ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်တွင်လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်များ ဥပဒေနှင့် ၂၀၁၁ ခုနှစ်တွင် ကလေးသူငယ်နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ဥပဒေများကို လိုအပ်သလို ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များကို ဥပဒေနဲ့အညီ ဘက်ပေါင်းစုံမှ ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ၂၀၁၉ခုနှစ် ဧပြီလ ၂၃ ရက်တွင် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ ဥပဒေအသစ် အဖြစ် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့ပါကြောင်း။

ထိုကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်တွင် ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများကို ကလေးသူငယ်တိုင်းခွဲခြားဆက်ဆံမှုကင်းပြီး တန်းတူညီမျှစွာ လက်လှမ်းမီ ခံစားရရှိရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ထားရှိပါကြောင်း၊ ထို့အပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ တိကျသော နည်းဥပဒေပြဋ္ဌာန်းချက်များ ပေါ်ပေါက်လာစေရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးသူငယ် တစ်ဦးချင်းစီအတွက် ကလေးသူငယ်အခွင့်အရေးများနှင့်အညီ နည်းလမ်းမှန်များဖြင့် ပြုစုကာကွယ်စောင့်ရှောက်နိုင်ရန် စနစ်ကျသော မူဝါဒတစ်ရပ်လည်း လိုအပ်လျက်ရှိရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်တွေ့ကျ၍ တိုင်းပြည်၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသော အမျိုးသားအဆင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒတစ်ရပ် ဖြစ်ပေါ်စေရေး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့က အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူရေးဆွဲ လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကော်မတီသို့ (၅)နှစ်တစ်ကြိမ် အစီရင်ခံစာ တင်သွင်းရန် တာဝန်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်သည် ကလေးသူငယ်များအတွက် အခွင့်အရေးများကို ဖော်ဆောင်ရာတွင် ဒီမိုကရေစီ စံနှုန်းများကို မြှင့်တင်နိုင်သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ပြီး အခြေခံအုတ်မြစ်ကောင်းများကို ချမှတ်နိုင်သော နှစ်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့ အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **"A Day to reimagine a better future for every child"** **"ကလေးအားလုံး၏ အနာဂတ်လှပဖို့ စိတ်ကူးပုံဖော်ဆောင်ရွက်စို့"** ဖြစ်ကြောင်း၊ ယခုအချိန်ခါသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကျရောက်ဆဲ ကာလဖြစ်သည့်အတွက် ကလေးသူငယ်များ၏ အခွင့်အရေးများ ဖော်ဆောင်ပေးရာမှာ အခက်အခဲများ ကြုံတွေ့နေရသော်လည်း လတ်တလော ဖြေရှင်းဆောင်ရွက်ပေးခြင်းမပြုပါက ကလေးငယ်များ၏ ဘဝတစ်သက်တာလုံးအတွက် ထိခိုက်စေနိုင်မည်ဖြစ်သည့်အတွက် အနာဂတ်မျိုးဆက်သစ်များအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလှုံ့ဆော်ထားခြင်း ဖြစ်ကြောင်း။ ***စာမျက်နှာ ၅ သို့***

ပြည်သူ့သာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၁၁) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၀

(၁၁) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး (11th ASEAN Education Ministers Meeting) ကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံက တာဝန်ယူ၍ အွန်လိုင်းဖြင့် ကျင်းပသည်။ (ယာပုံ)

အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ပညာရေးဝန်ကြီးများက အလှည့်ကျ မိန့်ခွန်းပြောကြားကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၏ ပညာရေးစနစ်များ ပြောင်းလဲခဲ့ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်သော အရည်အသွေးရှိ သင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရန်နှင့် အနာဂတ်၌ ထပ်မံကြုံတွေ့လာနိုင်သည့် ကိစ္စရပ်များကို အကောင်းဆုံးရင်ဆိုင်နိုင်ရန်အတွက် လက်ရှိ ပညာရေးစနစ်ကို ပြန်လည်ပုံဖော်ရာတွင် အစိုးရများနှင့် ပညာရေးဌာနများအနေဖြင့် စိန်ခေါ်မှုများ ရင်ဆိုင်နေရပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ Education Channel မှတစ်ဆင့် ဗီဒီယိုသင်ခန်းစာများကို ထုတ်လွှင့်ပေးနေသကဲ့သို့ ဆရာများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် မြန်မာဒစ်ဂျစ်တယ် ပညာရေးပလက်ဖောင်း (Myanmar Digital Education Platform) မှတစ်ဆင့် အွန်လိုင်းသင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားများ သင်ယူမှုအခွင့်အလမ်းမဆုံးရှုံးစေရေးဟူသော ပညာရေးဝန်ကြီးဌာန၏ မူဝါဒအပေါ် အခြေခံလျက် အစိုးရနှင့် ပုဂ္ဂလိကပိုင် ရုပ်မြင်သံကြားလိုင်းများနှင့် FM ရေဒီယိုတို့နှင့် ပူးပေါင်းကာ လေ့လာသင်ယူမှုအခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ DBE Boxes များနှင့် ဒစ်ဂျစ်တယ် သင်ကြားသင်ယူမှုဆိုင်ရာ Toolkits များကို အင်တာနက်လိုင်းများ မရရှိနိုင်သည့် ဝေးလံခေါင်ဖျားဒေသများတွင် အသုံးပြုနိုင်ပါကြောင်း၊ DBE Boxes များနှင့် ဒစ်ဂျစ်တယ်သင်ခန်းစာများကို ပြုစုလျက်ရှိသကဲ့သို့ Myanmar National Open University ဖော်ဆောင်နိုင်ရေးအတွက်လည်း လေ့လာဆွေးနွေးလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) မူကြမ်းကို ရေးဆွဲရာတွင် ကျောင်းသား ကျောင်းသူများ လူသားကောင်း စိတ်ဓာတ်ရှိမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တာဝန်ယူမှု တာဝန်ခံမှုနှင့် ဆန်းသစ်တီထွင်မှုကို ဦးတည်လျက် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု(IQ)၊ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှု (EQ) နှင့် ၂၁ ရာစု အရည်အသွေးများ ပြည့်ဝစေရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ၊ မဟာဗျူဟာများ၊ မူဝါဒများနှင့်အတူ အာဆီယံ ပညာရေးစီမံချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG) ၏ ရည်မှန်းချက်များ ပြည့်မီရေးအတွက် လာမည့် ၁၀ နှစ်အတွင်း အကောင်အထည်ဖော်မည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ထည့်သွင်းပုံဖော်သွားမည် ဖြစ်ပါကြောင်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြေညာစာတမ်း (၂၀၂၀ ခုနှစ်)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀)၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG) (၂၀၃၀) ၏ ရည်မှန်းချက်များ၊ အမျိုးသားပညာရေးဥပဒေ (၂၀၁၄)၊ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေ (၂၀၁၈)၊ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှု(CESR) (၂၀၁၆)၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း နှစ်လယ်သုံးသပ်ချက် အစီရင်ခံစာ(၂၀၁၉) မှ ထောက်ခံအကြံပြုချက်များအပါအဝင် အစီရင်ခံစာများ၊ တင်ပြချက်များကို ကျယ်ကျယ် ပြန့်ပြန့်လေ့လာသုံးသပ်၍ Stakeholders များ၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကိုပေါင်းစပ်ကာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) မူကြမ်းကို ရေးဆွဲပြုစုသွားမည် ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ကျင်းပခဲ့သော ဆီမီယိုအစည်းအဝေးရလဒ်များနှင့် ဦးစားပေး (၇) ရပ်တို့ကို မိမိတို့အနီးကပ် ပူးပေါင်းအကောင်အထည်ဖော်သွားကြမည် ဖြစ်ပါကြောင်း၊ သဘာဝအရင်းအမြစ်များမှာ အကန့်အသတ်ရှိပြီး လူသားအရင်းအမြစ်များမှာ ပိုမိုတန်ဖိုးရှိပါကြောင်း၊ သင်ယူလေ့လာမှုမှာမူ အနန္တအရင်းအမြစ်များ ဖြစ်ပြီး အနန္တရတနာသိုက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင် တစ်သက်တာ ဒစ်ဂျစ်တယ် ပညာရေး အခွင့်အလမ်းမြှင့်တင်ခြင်းဖြင့် ၂၁ ရာစု အရည်အသွေးများ ပိုင်ဆိုင်ရန် တစ်သက်တာသင်ယူမှုများကို လေ့ကျင့်ပျိုးထောင်သွားကြမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများအားလုံး ကျန်းမာပျော်ရွှင်စေရန်နှင့် (၁၁) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက် အောင်မြင်စွာ ကြေညာနိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်ကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာပြည်၏ အဓိကကျောရိုးဖြစ်လာမည့် ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် ရန်ကုန်-ငရုတ်ကောင်း အမြန်လမ်းစီမံကိန်း မိတ်ဆက်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် KOICA Myanmar Office တို့အကြား ပူးပေါင်းဆောင်ရွက်သည့် Central Backbone Expressway in Myanmar(Yangon–Mandalay Expressway and Yangon – Ngayokekaung Expressway) စီမံကိန်း မိတ်ဆက်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးဒေါက်တာကျော်လင်းက ရန်ကုန် – နေပြည်တော် – မန္တလေးအမြန်လမ်းနှင့် ရန်ကုန်– ပုသိမ် – ငရုတ်ကောင်း အမြန်လမ်းနှစ်ခုသည် နောင်အနာဂတ်တွင် မြန်မာပြည်၏ အဓိကကျောရိုး ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံ မိတ်ဆက်ပွဲသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံလိုသူများအတွက် အထူးအခွင့်အရေးပင်ဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) လုပ်ငန်းစဉ်၏ကဏ္ဍအလိုက် စီမံချက်များနှင့် ကိုက်ညီပြီး Project Bank တွင်လည်း ထည့်သွင်းထားပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းအသစ်များကို ကျင့်သုံးနေပြီဖြစ်သောကြောင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှု လိုအပ်ချက်များရှိနေပြီး အစိုးရဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ရန် ကန့်သတ်ချက်များကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာရန် ဖိတ်ခေါ်ပါကြောင်း။

ယခု စီမံကိန်းကို ဖြစ်တန်စွမ်းလေ့လာမှု ပြုလုပ်ခဲ့သော Yooshin နှင့် Kyongdong Consultants မှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ သတင်း အချက်အလက်များဖြင့် တင်ပြမည်ဖြစ်ကြောင်း ၊ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များ မေးမြန်းလိုပါက အမေး/အဖြေကဏ္ဍတွင် မေးမြန်းဆွေးနွေးနိုင်ပါကြောင်းနှင့် အကြံဉာဏ်များလည်း ပေးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆောင်ဟွာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် KOICA Myanmar Office မှ Chief Representative, Ms. Lee Youn Soo က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် KOICA Myanmar Office တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် Central Backbone Expressway in Myanmar Project နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းနှင့် ရန်ကုန်-ပုသိမ်-ငရုတ်ကောင်း အမြန်လမ်းတို့သည် မြန်မာနိုင်ငံ၏ လမ်းကွန်ရက်များတွင် ချိတ်ဆက်ထားရှိမှု၊ စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ကိုရီးယားပညာရှင်က Yangon – Mandalay Expressway Project နှင့် ပတ်သက်၍ အဓိကအကြောင်းအရာပါ အချက်အလက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးချက်များအပေါ် အစည်းအဝေးသို့ တက်ရောက်လာသူများက သိရှိလိုသည်များ အကြံပြုဆွေးနွေးမေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

စီမံကိန်းမိတ်ဆက်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ KOICA တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုနှင့် ပို့ဆောင်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်ရေး ဖြစ်သည်။ KOICA ၏ နည်းပညာအကူအညီနှင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ အဓိကကျောရိုး လမ်းမကြီး နှစ်ခုဖြစ်သည့် ရန်ကုန်-မန္တလေးအမြန်လမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့် ရန်ကုန် – ပုသိမ်–ငရုတ်ကောင်း အမြန်လမ်းအသစ် ဖောက်လုပ်နိုင်ရေးပဏာမ ဖြစ်တန်စွမ်း လေ့လာခြင်းကို ၂၀၁၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းနှစ်လမ်းသည် မြန်မာနိုင်ငံအတွက် အရေးကြီးသော လမ်းကွန်ရက်တွင်ပါဝင်ကာ ရန်ကုန်–မန္တလေးအမြန်လမ်းသည် တောင်–မြောက် စီးပွားရေးစကြီ်လမ်းမကြီး ဖြစ်ပြီး၊ ရန်ကုန်–ပုသိမ်– ငရုတ်ကောင်း အမြန်လမ်းသည် အရှေ့ – အနောက် စီးပွားရေး စကြီ်လမ်းမကြီး၏ ဆက်လက်တိုးချဲ့မည့် လမ်းပိုင်းတွင် ပါဝင်သည်။ အဓိကကျသော အမြန်လမ်းများကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လိုအပ်သော အခြေခံအဆောက်အဦများ အတွက်သာမက ပြည်နယ်နှင့် တိုင်းဒေသကြီး အတွင်းတွင်လည်း ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၄ မှ

မိမိတို့နိုင်ငံအနေဖြင့် မသန်စွမ်းကလေးသူငယ်များ၊ အလုပ်လုပ်နေရသော ကလေးများ၊ ရွှေ့ပြောင်းကလေးများ၊ တိုက်ပွဲရှောင်ကလေးများ၊ လူကုန်ကူးခံရသော ကလေးများ၊ ရင်ခွင်မဲ့ ကလေးများ၊ လမ်းပေါ်နေ ကလေးများ၊ သက်ငယ်မုဒိမ်းကျူးလွန်ခံရသော ကလေးငယ်များ၊ ဥပဒေနှင့်ရင်ဆိုင်နေရသောကလေးများအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကိုလည်း သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ယူနီဆက်(မြန်မာ) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များ ဖော်ထုတ်ကာ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဦးတည်ကြိုးပမ်းလျက်ရှိရာမှာ တိုင်းရင်းသားဒေသရှိ ကလေးသူငယ်များအပါအဝင် ပြည်သူများ တစ်ဦးချင်းစီအား လူမျိုးဘာသာ မခွဲခြားဘဲ၊ တစ်ဦးတစ်ယောက်မျှ မချန်လှပ်ဘဲ သာတူညီမျှခံစားရရှိရေး၊ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ကလေးသူငယ်များနှင့် ပတ်သက်၍ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေး မဆုံးရှုံးစေရန်၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးများအားလုံး သိရှိရန်နှင့် ကလေးတိုင်းလက်လှမ်းမီတန်းတူညီတူရရှိနိုင်ရန် ကလေးသူငယ်များ၏ အသံများကိုပါနားထောင်ပြီး ကလေးသူငယ်များ၏ လိုအပ်ချက်များကို တာဝန်ရှိသူများက အစွမ်းကုန် ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်သော ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးကနေ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသော သဝဏ်လွှာအား UNICEF Myanmar မှ ဌာနေ ကိုယ်စားလှယ် Ms. June Kunugi က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကလေးများ နေ့အထိမ်းအမှတ်အတွက် ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းပြသခဲ့ပြီး ကလေးကိုယ်စားလှယ်တစ်ဦးက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် တာဝန်ရှိသူများထံ တင်ပြတောင်းဆိုခဲ့ပြီး အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သက်တော်ရှည် သခ္ဏာပါမောက္ခ ဆရာကြီးဦးဘတုတ်

မြင့်မြင့်ခိုင်

ရန်ကုန်တက္ကသိုလ်တည်ထောင်နှစ် နှစ် ၁၀၀ ပြည့်မည့်ရက် နီးကပ်လာသည်နှင့်အမျှ သတင်းစာ စာစောင်များတွင် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါးများ ဝေဝေဆာဆာထွက်ရှိနေပါသည်။ တက္ကသိုလ်၏ နှစ် ၁၀၀ အတွင်း မြင်ကွင်းအဖုံဖုံကို ရှုထောင့်အစုံစုံမှ ရေးသားထားကြသဖြင့် လွမ်းမောဖွယ်ပုံရိပ်များကို တွေ့မြင်သိရှိခွင့် ရနေကြပါသည်။

ယခုအချိန်တွင် တက္ကသိုလ်မောင်သခ္ဏာသာ အသက် ထင်ရှားရှိနေပါက မြန်မာနိုင်ငံသခ္ဏာသမိုင်း တွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဌာနမှူးများ သမိုင်းတွင်လည်းကောင်း အသက်အရှည်ဆုံး ပုဂ္ဂိုလ်ဖြစ် နေသည့် သခ္ဏာပါမောက္ခ ဆရာကြီး ဦးဘတုတ် အကြောင်း ဆောင်းပါးတစ်ပုဒ် ထွက်ရှိလာမည်မှာ ဧကန်မလွဲ အသေအချာပဲဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အသက် ၁၀၀ တင်းတင်းပြည့်မည့် ဆရာကြီး ဦးဘတုတ်ကို **ရန်ကုန်တက္ကသိုလ်ကြီး၏ ဖွားဖက်တော်သက်တော်ရှည် ဆရာကြီး**အဖြစ် တက္ကသိုလ် မောင်သခ္ဏာက "သခ္ဏာ ပါမောက္ခဦးဘတုတ် ဖြတ်ကျော်ခဲ့သောဘဝခရီး" အမည် ရှိစာအုပ်တွင် ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကြီး အသက် ၉၀ ပြည့်မည့်နေ့အမီ ထုတ်ဝေခဲ့သော အဆိုပါ စာအုပ်တွင် ဆရာကြီး၏ကိုယ်ရေးအတ္ထုပ္ပတ္တိအဖြစ် ဆရာကြီး၏ ဘဝခရီး စ၊ လယ်၊ ဆုံးတို့ကို တက္ကသိုလ် မောင်သခ္ဏာ (ဒေါက်တာခင်မောင်ဆွေ)က ပြည့်ပြည့်စုံစုံ စာပန်းချီရေးဖွဲ့၍ ရောင်စုံခြယ်မှုန်းပြခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ဆရာကြီးဦးဘတုတ် ယနေ့တိုင် သက်ရှိ ထင်ရှားရှိနေကြောင်းကိုမူ အများမသိရှိကြသေးသဖြင့် သိရှိအောင် ပြောပြပေးသော စာတစ်ပုဒ် ဆရာဆွေ (ဒေါက်တာခင်မောင်ဆွေ)ကိုယ်စား ရေးသားပေးပါရန် မဝင်းကြည် (ဒေါက်တာဒေါ်ဝင်းကြည်)က ကျွန်မကို တိုက်တွန်းပြောကြားလာပါသည်။ ထို့ကြောင့် ကျွန်မ၏ ဆရာရင်း(သခ္ဏာဂုဏ်ထူးတန်းမှ သခ္ဏာမဟာသိပ္ပံတန်း အထိ ပို့ချသင်ပြပေးခဲ့သောဆရာ) ဆရာကြီးဦးဘတုတ်ကို ဂါရဝပြုမှုတစ်ခုအဖြစ် လည်းကောင်း၊ ကျွန်မ၏ခင်ပွန်း တက္ကသိုလ်မောင်သခ္ဏာ (ဒေါက်တာခင်မောင်ဆွေ)ကို သတိရဂုဏ်ပြုမှုတစ်ခုအဖြစ်လည်းကောင်း ရည်ရွယ်ပြီး ဤစာစုကို ရေးသားလိုက်ရပါသည်။

ပထမဦးစွာ "သခ္ဏာပါမောက္ခဦးဘတုတ် ဖြတ်ကျော်ခဲ့သောဘဝခရီး" အမည်ရှိစာအုပ်ကို လက်လှမ်းမမီသူ များအတွက် ဆရာကြီး၏ ဘဝမှတ်တမ်းအကျဉ်းကို အထက်ပါစာအုပ်မှ ပြန်လည်ထုတ်နုတ် ဖော်ပြပေးပါ မည်-

- ၁၉၂၀ ဒီဇင်ဘာလ ၂၆ ရက် (တနင်္ဂနွေနေ့) တွင် မန္တလေး မြို့ ရှမ်းပွဲရပ်ရွာ ဖွားမြင်သည်။ ဖခင် ဦးအောင်ကြွယ်၊ မိခင် ဒေါ်ဆင့်တို့၏တတိယမြောက် သား ဖြစ်သည်။
- ၁၉၃၁ မတ်လတွင် စတုတ္ထ တန်း ဘရစ်စကောလားရှစ် (Bridge scholarship) စာမေးပွဲ အောင်မြင်သည်။
- ၁၉၃၇ တွင် ဆယ်တန်း စာမေးပွဲကို သခ္ဏာဂုဏ်ထူး ဖြင့် အောင်မြင်သည်။
- ၁၉၃၉ ဇွန်လတွင် ဒုတိယ နှစ်သိပ္ပံတန်းကို မန္တလေး ဥပစာကောလိပ်မှ အောင်မြင် သည်။
- ၁၉၄၂ ဧပြီလတွင် သိပ္ပံသခ္ဏာ ဂုဏ်ထူးတန်းဘွဲ့ စာမေးပွဲကို ပထမတန်း (first class) က အောင်မြင်သည်။
- ၁၉၄၃ ဇူလိုင်လတွင် နိုင်ငံခြား ရေးအရာရှိ ရာထူးခန့်စာရ သည်။
- ၁၉၄၄ ဖေဖော်ဝါရီလ ၁၀ရက် ကြာသပတေးနေ့တွင် မန္တလေး၌ ဒေါ်ခင်မကြီးနှင့် လက်ထပ်သည်။
- ၁၉၄၅ မတ်လတွင် နိုင်ငံခြား ရေးရုံး ပိတ်လိုက်သဖြင့် ဂျပန် ခေတ်ဝန်ထမ်းဘဝ ပြီးဆုံး သည်။
- ၁၉၄၆ မတ်လတွင် ပြန်လည် တည်ဆောက်ရေး ဌာနမှ စာရင်းအင်း လက်ထောက်

တက္ကသိုလ်မောင်သခ္ဏာ ရေးသားခဲ့သော ဆရာကြီးဦးဘတုတ်၏ အတ္ထုပ္ပတ္တိ။

သခ္ဏာပါမောက္ခဆရာကြီး ဦးဘတုတ်ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

တာဝန် ထမ်းဆောင်သည်။ အမျိုးသားစီမံကိန်း ဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည့်အခါ စာရင်း အင်း အရာရှိရာထူးသို့ တိုးမြှင့်ခံရသည်။

- ၁၉၄၆ သြဂုတ် ၃၁ ရက်တွင် စာရင်းအင်းအရာရှိ ရာထူးမှ နုတ်ထွက်ပြီး ၁၉၄၆ စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် သခ္ဏာဌာန နည်းပြ ဆရာတာဝန် ထမ်းဆောင်သည်။
- ၁၉၄၇ ဇွန် ၂၃ ရက်တွင် လက်ထောက်ကထိက ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး မန္တလေး ယူနီဗာစီတီ ကောလိပ်သို့ ပြောင်းရွှေ့ရသည်။ ။
- ၁၉၄၈ တွင် ရန်ကုန်တက္ကသိုလ်သခ္ဏာဌာနသို့ လက်ထောက်ကထိကရာထူးဖြင့် ပြောင်းရွှေ့သည်။
- ၁၉၅၂ မတ်လတွင် ရန်ကုန်တက္ကသိုလ်မှ မဟာ သိပ္ပံသခ္ဏာဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်သည်။
- ၁၉၅၂ ဇွန်လတွင် သခ္ဏာကထိကရာထူးသို့ တိုးမြှင့် ခံရသည်။
- ၁၉၅၃ ဇွန်လတွင် အမေရိကန်နိုင်ငံ ဟားဗတ် တက္ကသိုလ် (Harvard University) သို့ သခ္ဏာ ပါရဂူဘွဲ့အတွက် ပညာသင်သွားရန် အရွေးခံရသည်။
- ၁၉၅၃ စက်တင်ဘာ ၂၄ ရက် မှစ၍ ဟားဗတ် တက္ကသိုလ်တွင် သင်တန်းများတက်ပြီး ဒုတိယနှစ် ပြီးဆုံးချိန်တွင် သခ္ဏာမဟာဘွဲ့ (A.M.) (Master in Arts) ရသည်။
- မဟာဘွဲ့မှ ပါရဂူဘွဲ့ သုတေသနလုပ်ငန်းသို့ ကူးပြောင်းချိန် ကြားကာလတွင် ခေတ္တမြန်မာပြည် ပြန်ရန် လျှောက်ထားပြီး ၁၉၅၅ သြဂုတ် ၃ ရက်တွင် ပြန်လာရာမှ ဟားဗတ်တက္ကသိုလ်သို့ ပြန်မသွား ဖြစ်တော့။

စာမျက်နှာ ၇ သို့

ဆောင်းပါးရှင် ဒေါ်မြင့်မြင့်ခိုင်၏ အတ္ထုပ္ပတ္တိအကျဉ်း

- အမည် - မြင့်မြင့်ခိုင်
- မွေးနေ့သက္ကရာဇ် - ၁၉၄၄ ဇူလိုင် ၂၇၊ ကြာသပတေးနေ့
- မွေးရပ် - ဟသံ်တမြို့၊ ယုံသလင်းရွာ
- မိဘ - အဖ အာဇာနည်ခေါင်းဆောင် ကြီး ဝန်ကြီးမန်းဘခိုင်၊ အမိ ဒေါ်ခင်နီ
- ယခင်အလုပ်အကိုင် - ပါမောက္ခဌာနမှူး၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်
- ယခုအလုပ်အကိုင် - ရန်ကုန်တက္ကသိုလ် သခ္ဏာ ဘာသာရပ်ပါရဂူဘွဲ့ သင်တန်း ဦးစီးကော်မတီဝင် မြန်မာနိုင်ငံတက္ကသိုလ်များ သခ္ဏာ ဘာသာသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်
- ပညာအရည်အချင်း - B.Sc.(General Honors), M.Sc,D.A.C. (Diploma in Automatic Computing)
- အမှုထမ်းသက်မှတ်တမ်း - ၁၉၆၃ ခုနှစ် ဇူလိုင် ၁၅ ရက်မှစ၍ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ် (ယခု ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ပုသိမ်ကောလိပ်(ယခုပုသိမ်တက္ကသိုလ်)၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ်၊ အဝေးသင်တက္ကသိုလ်(ယခု ရန်ကုန်အဝေးသင်တက္ကသိုလ်) နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။
- သင်ကြားရေးတာဝန် - တက္ကသိုလ် ပထမနှစ် သင်တန်းများမှစ၍ မဟာ ဘွဲ့ သင်တန်းများအထိ အတန်းစုံ၌ သခ္ဏာဘာသာ သင်ပြခဲ့သည်။ မဟာဘွဲ့ကျမ်းကြီးကြပ်သူတာဝန် နှင့် ပြင်ပစာစစ်၊ အတွင်းစာစစ် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။
- ရေးသားထုတ်ဝေမှု - တက္ကသိုလ် ပြဋ္ဌာန်းစာအုပ် ၃ အုပ်နှင့် သခ္ဏာဗဟုသုတ ဆိုင်ရာစာတမ်းများ၊ ဆောင်းပါးများ ၃၀ ကျော် ပြုစု ရေးသားခဲ့သည်။
- အငြိမ်းစားယူမှု - ဝန်ထမ်းမှတ်တမ်းအရ ၂၀၀၄ ဧနီနဝါရီ ၂၇ တွင် သက်ပြည့် အငြိမ်းစားယူရန် အချိန်စေ့ရောက်ခဲ့သော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ နှစ်နှစ်တိုး၍ ဆက်လက် တာဝန်ပေးအပ်ခြင်းခံရသဖြင့် လစာပြည့်ခွင့်လေးလ ခံစားလျက် ၂၀၀၆ မေ ၂၇ တွင် သက်ပြည့်အငြိမ်းစား ယူခဲ့သည်။

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး

စာမျက်နှာ ၆ မှ

- ၁၉၅၈ ဇွန်လတွင် ရန်ကုန်တက္ကသိုလ် သင်္ချာဌာနခွဲပါမောက္ခရာထူး စတင်ထမ်းဆောင်သည်။
- ၁၉၆၄ အောက်တိုဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်အဖြစ် စေလွှတ်ခြင်း ခံရသည်။
- ၁၉၆၆ တတိယအကြိမ် လူရည်ချွန်စီမံကိန်းတွင် ငပလီလူရည်ချွန်စခန်းအဖွဲ့ စခန်းမှူးတာဝန်ပေးအပ်ခြင်းခံရသည်။
- ၁၉၆၆ ဇွန် ၁ ရက်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ပေးခြင်းခံရသည်။
- ဆိုဗီယက် ပြည်ထောင်စုသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ၁၉۶၈ ဇွန်လတွင် အထက်တန်း ပညာရေးလေ့လာရန် ပြည်ပ ၅ နိုင်ငံ(ဆိုဗီယက်၊ဂျာမန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရိုမေးနီးယား၊ ဟန်ဂေရီ) သို့ စေလွှတ်သော အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါရသည်။ ။
- မိသားစုပြန်လည်စုစည်းနေထိုင်ရန် လျှောက်ထားချက်အရ ၁၉۶၉ စက်တင်ဘာ ၉ ရက်တွင် ခွင့်ပြုမိန့်ရသည်။
- ၁၉۶၉ စက်တင်ဘာ ၁၅ ရက်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်တာဝန် စွန့်လွှတ်ပြီး ရန်ကုန်စက်မှုတက္ကသိုလ် သင်္ချာဌာနတွင် ပါမောက္ခ တာဝန်များ လက်ခံဆောင်ရွက်သည်။
- ၁၉၈၁ ဧပြီ ၇ ရက်တွင် သက်ပြည့်အငြိမ်းစားယူသည်။
- အငြိမ်းစားယူပြီးချိန် ၁၉၈၂ မှ ၁၉၈၈ အထိ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သင်္ချာဌာနတွင် အချိန်ပိုင်းကထိကအဖြစ် တာဝန်ထမ်းဆောင်ပြီး မဟာသိပ္ပံအပိုင်း၂ သင်တန်းများကို သင်ပြပို့ချသည်။
- ၁၉၉၃ မတ်လမှစ၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အေဘက်အင်ဂျင်နီယာ ကျောင်းတော်ကြီး (ABAC School of Engineering) ၌ အင်ဂျင်နီယာသင်္ချာဌာန ဒုတိယဌာနမှူးတာဝန် လက်ခံဆောင်ရွက်သည်။
- ၁၉၉၉ ဧပြီလတွင် အေဘက်မှ အနားယူပြီး မြန်မာ နိုင်ငံသို့ အပြီးအပိုင်ပြန်လာသည်။
- ၂၀၀၁ ဒီဇင်ဘာ ၈ ရက်တွင် အသက် ၈၀ အရွယ် ဧနီးဒေါ်ခင်မကြီး ကွယ်လွန်သည်။
- ယခုအချိန်(၁-၁၁-၂၀၂၀)တွင် ဆရာကြီးသည် သား သမီး၊ မြေးများနှင့်အတူ ရန်ကင်းမြို့နယ် ကျောင်းလမ်းအိမ်အမှတ် ၂၂တွင် ကျန်းမာချမ်းသာစွာ နေထိုင်လျက်ရှိပါသည်။

ယခု ဆရာကြီးနှင့် ကျွန်မတို့၏ ဆရာတပည့် ပတ်သက်ဆက်နွယ်မှုများကို ဆက်လက်ပြောပြလိုပါသည်။

ဆရာကြီးဦးဘတုတ်၊ ဧနီးဒေါ်ခင်မကြီးနှင့် သားသမီးများ။

"မိမိကိုယ်တိုင် ဆယ်တန်းစာမေးပွဲဖြေဆိုစဉ်က သင်္ချာဂုဏ်ထူးရအောင် ဖြေဆိုနိုင်ခဲ့သော်လည်း ယခုလို မည်သည့်ပြင်ဆင်မှုမျှမရှိသည့် စာမေးပွဲဖြေဆိုမှုကို ပြုလုပ်ရမည့်အခါ ရလဒ်ကောင်းမရရှိဘဲ နည်းပြရာထူးကပင် ဖယ်ရှားခံရနိုင်သည်ဟူသော အတွေးကြောင့် လွန်စွာ ကြောက်ရွံ့သွားခြင်း ဖြစ်ပါသည်။ ကျွန်မတို့ခေတ်က နည်းပြရာထူးများကို တစ်နှစ်တစ်ခါ ပါမောက္ခက ပြန်လည်အတည်ပြုရသော စနစ်ဖြစ်"

ကျွန်မသည် ၁၉۶၁ မှ ၁၉۶၃ ခုနှစ်အထိ သင်္ချာဂုဏ်ထူးတန်းကျောင်းသားအဖြစ်လည်းကောင်း၊ ၁၉۶၅ မှ ၁၉۶۶ အထိ မဟာသိပ္ပံကျောင်းသားအဖြစ်လည်းကောင်း ဆရာကြီးထံတွင် ပညာသင်ကြားခွင့်ရခဲ့ပါသည်။ နိုင်ငံတာဝန်ထမ်းဆောင်ရန် ကျွန်မကို ပထမဆုံးတာဝန်ပေးခြင်းခံရသော ဌာနမှာလည်း ဆရာကြီးပါမောက္ခအဖြစ် တာဝန်ယူနေသည့် ရန်ကုန်တက္ကသိုလ်သင်္ချာဌာန နည်းပြတာဝန်ဖြစ်နေပါသည်။ ထို့ကြောင့် ၁၉۶၃ ဧပြီလမှစ၍ ၁၉۶۶ ခုနှစ် ဇွန်လအထိ (ဆရာကြီး ပါမောက္ခချုပ်ရာထူးဖြင့် မန္တလေးသို့ မပြောင်း ရွှေ့မီအချိန်ထိ) ဆရာကြီး ဌာနတွင် လုပ်ငန်းတာဝန်သင်ယူနိုင်ခွင့် ရခဲ့ပြန်သဖြင့် ဆရာကြီးထံမှ စာပေပညာအမွေသာမက လုပ်ငန်းပညာ အမွေပါ ရရှိခဲ့ပါသည်။ ထိုစဉ်ကာလအတွင်းက ဖြစ်ခဲ့သော ကျွန်မတစ်သက်တာ မေ့မရနိုင်သည့် တာဝန်ပေးမှုတစ်ခု အကြောင်း ဖော်ပြလိုပါသည်။

ထိုနေ့သည် ကျွန်မတို့နည်းပြဆရာအသစ်များကို တက္ကသိုလ်ဝင်တန်း(ဆယ်တန်း)သင်္ချာအဖြေလွှာ စစ်ဆေးရန် ပထမဆုံးတာဝန်ပေးအပ်မည့် အစည်းအဝေးကျင်းပချိန်ဖြစ်ပါသည်။ ထိုအချိန်က ကျွန်မတို့ မျှော်လင့်ထားသလို အမှတ်ပေးစည်းမျဉ်းများ ရှင်းလင်းပြောပြပြီး စစ်ဆေးရမည့် အဖြေလွှာစာအုပ်များ ထုတ်ပေးခြင်းမဟုတ်ဘဲ ကျွန်မတို့ ကိုယ်တိုင်ဖြေဆိုရမည့် အဖြေလွှာစာအုပ် အလွတ်များနှင့် မေးခွန်းများကို ဝေငှပေးချိန်ဖြစ်ပါသည်။ စာစစ်မှူးချုပ် ဆရာကြီးဦးဘတုတ်က အစည်းအဝေးခန်းထဲရှိ ဆရာ ဆရာမအားလုံး စာဖြေရန် အချိန်သုံးနာရီပေးမည့်အကြောင်းနှင့် စာစစ်မှူးကထိက ဆရာကြီးသုံးဦးက စောင့်ကြပ်မည့်အကြောင်း ပြောကြားပြီး အခန်းမှ ထွက်ခွာသွားပါသည်။

ထိုတစ်ခဏအတွင်း ကျွန်မ များစွာထိတ်လန့်တုန်လှုပ်သွားပါသည်။ မိမိကိုယ်တိုင် ဆယ်တန်းစာမေးပွဲဖြေဆိုစဉ်က သင်္ချာဂုဏ်ထူးရအောင် ဖြေဆိုနိုင်ခဲ့သော်လည်း ယခုလို မည်သည့်ပြင်ဆင်မှုမျှမရှိသည့် စာမေးပွဲဖြေဆိုမှုကို ပြုလုပ်ရမည့်အခါ ရလဒ်ကောင်းမရရှိဘဲ နည်းပြရာထူးကပင် ဖယ်ရှားခံရနိုင်သည်ဟူသောအတွေးကြောင့် လွန်စွာ ကြောက်ရွံ့သွားခြင်း ဖြစ်ပါသည်။ ကျွန်မတို့ခေတ်က နည်းပြရာထူးများကို တစ်နှစ်တစ်ခါ ပါမောက္ခက ပြန်လည်အတည်ပြုရ သော စနစ်ဖြစ်ပါသည်။ ထိုစဉ်က ကျွန်မနှင့် ဆယ်တန်းအတူအောင် ဂုဏ်ထူးတန်းအတူတက်ပြီး နည်းပြအလုပ် အတူရရှိခဲ့သည့် သူငယ်ချင်း မကြည်အောင် (ဒေါက်တာကြည်ကြည်အောင်)၌ မောင်ငယ်၊ ညီမငယ်များရှိ၍ ဆယ်တန်းမေးခွန်းနှင့် စိမ်းမနေခဲ့ပါ။ ကျွန်မကတော့ ဆယ်တန်းသင်ရိုးနှင့် မထိတွေ့သည်မှာ ကြာပြီဖြစ်၍ ဖြေဆိုထားသော အဖြေများမှန် မမှန် သူငယ်ချင်းနှင့် အဖြေတိုက်ဆိုင်ကြည့်လိုသည့်စိတ်ကို တားမရခဲ့ပါ။

သို့သော်လည်း ကျွန်မတို့အနားတွင် စာမေးပွဲခန်းစောင့်ကြပ်နေသည့် ဆရာကြီးဦးတင်မောင် (ဒေါက်တာတင်မောင်) ရှိနေသောကြောင့် ကျွန်မဇောချွေးများပြန်ကာ အသက်ရှူပင်မှားရသည်အထိ ဖြစ်ခဲ့ရပါသည်။ သင်ခန်းစာလည်း ကောင်းစွာရရှိခဲ့ပါသည်။ ပြင်ဆင်မှုမရှိဘဲ စာမစစ်ရဆိုသည်နှင့် စာဖြေသူများအပေါ် မိမိဖြေဆိုနေသကဲ့သို့ မှတ်ယူစစ်ဆေးပေးရမည်ဆိုသည့် အချက်များပင် ဖြစ်ပါသည်။

စည်းကမ်းစနစ်ကြီးပြီး တိကျသေချာစွာ လုပ်ဆောင်တတ်သောဆရာကြီးထံတွင် ကျွန်မ ပထမဆုံးနိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည့်ကျေးဇူးကြောင့် ကျွန်မ၏ဝန်ထမ်းသက် ၄၃ နှစ်တိုင် အမှားအယွင်းမရှိ၊ တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ခဲ့ပါသည်။ ဤကျေးဇူးတရားကို ကျွန်မတစ်သက် မမေ့ပါဟု ပြောကြားရင်း ဆရာကြီးကို ယခုစာစုဖြင့် ပူဇော်ကန်တော့အပ်ပါသည်။ ။

ဗဟိုဘဏ်ကဆောင်ရွက်သည့် ငွေပေးချေမှုစနစ်သစ်ကို နိုဝင်ဘာ ၁၆ ရက်တွင် စတင်အသုံးပြု

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသည့် ငွေပေးချေမှုစနစ်အသစ်ဖြစ်သော New Payment and Settlement System(CBM-Net2)ကို နိုဝင်ဘာ ၁۶ ရက် မှစတင်၍ အသုံးပြုလျက်ရှိကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ ထုတ်ပြန်မှုအရ သိရသည်။

ငွေပေးချေမှုစနစ်အသစ်ဆောင်ရွက်

ခေတ်မီအိုင်တီနည်းပညာစနစ်ကို အသုံးပြုလာသော ဘဏ်များ၏ အဓိကကျသော လုပ်ငန်းများကို အချိန်မီတုံ့ပြန်နိုင်ရန် ဂျပန်နိုင်ငံ၏ အမျိုးသား ငွေပေးချေမှုစနစ် အတွေ့အကြုံကို အခြေခံထားသည့် CBM-Net2 ငွေပေးချေမှုစနစ်အသစ်ကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ခေတ်မီနည်းပညာကို အသုံးပြုကာ ကွန်ပျူတာဆိုင်ရာ ငွေရေးကြေးရေးနှင့် ဘဏ်များကဏ္ဍကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် ငွေပေးချေမှုကွန်ရက်စနစ်(CBM-Net)ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလကပင် စတင်တည်ထောင်ပြီးနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုင်စင်ရရှိထားသော နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်၊ နိုင်ငံခြားဘဏ်ခွဲနှင့် Securities ကုမ္ပဏီခြောက်ခု အပါအဝင် ဘဏ်ပေါင်း ၄၃ ဘဏ်သည် ၂၀၁۶ ခုနှစ်ကပင် CBM-Net ကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ငွေပေးချေမှုစနစ်သစ်သည် ဘဏ်တစ်ခုကို အသုံးပြုသူတစ်ဦးအနေဖြင့် အခြားဘဏ်တစ်ခုကို အသုံးပြုနေသူတစ်ဦးထံသို့ ငွေကြေးလွှဲပြောင်းရာတွင် အချိန်နှင့်တစ်ပြေးညီ သက်သာသောနှုန်းထားဖြင့် ၂၄ နာရီအတွင်း လွှဲပြောင်းနိုင်ရန်အဆင့်မြှင့်တင်ထားသော ငွေပေးချေမှုစနစ်တစ်ခုဖြစ်သည်။ ယင်းစနစ်တွင် အထွေထွေဘေလ်ပေးချေမှုနှင့် လစာငွေပေးချေခြင်းကဲ့သို့သော bulk payment လုပ်ဆောင်ချက်တစ်ခု ပါဝင်ကာ အဆိုပါ လုပ်ဆောင်ချက်သည်မြန်ဆန်သော ငွေသားမဲ့ ငွေပေးချေခြင်းကို အသုံးပြုနိုင်၍ လူတိုင်းပါဝင်သော ငွေကြေးကဏ္ဍနှင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ခြင်းကို ကာကွယ်ရေးတို့တွင် အကူအညီပေးနိုင်မည်ဖြစ်သည်။

ငွေသားမဲ့ အီလက်ထရွန်နစ်စနစ်

မြန်မာနိုင်ငံရှိ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများသည် အိုင်စီတီနှင့် ခေတ်မီနည်းပညာ ဝန်ဆောင်မှုများဖြစ်သည့် မိုဘိုင်းဘဏ်စနစ်၊ မိုဘိုင်းပိုက်ဆံအိတ်၊ In house system(core banking System) စသည့် ခေတ်မီ နည်းပညာများကို အသုံးပြုကာ ပြည်သူများအား ဝန်ဆောင်မှုပေးလာကြရာ ငွေကြေးသုံးစွဲသူများအနေဖြင့်လည်း ငွေသားကိုသာ အဓိကထားသည့်ပုံစံမှ ငွေသားမဲ့အီလက်ထရွန်နစ်စနစ်ဖြင့် ငွေပေးချေမှုများကို ပြောင်းလဲကျင့်သုံးလာလျက်ရှိသည်။

နည်းပညာပူးပေါင်းဆောင်ရွက်ရေး

JICA အနေဖြင့် CBM-Net2 ဖော်ဆောင်ရေးသာမက ဗဟိုဘဏ်နှင့် ပါဝင်သည့်ဘဏ်များ၏ ငွေပေးချေမှုစနစ်၊ လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းမှတစ်ဆင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်းလည်း သိရသည်။

ထင်ပေါ်ဝင်း
(ကမာရွတ်)

မော်ချီးဒေသ လိုခါးလို-ညောင်ပင်စခန်း လမ်းပေါ်၌ ဘေလီတံတားသစ်တစ်စင်း တည်ဆောက်မည်

ဖားဆောင်း နိုဝင်ဘာ ၂၀

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသအတွင်းရှိ လိုခါးလိုကျေးရွာနှင့် ညောင်ပင်စခန်းသွားလမ်းပေါ်၌ နှစ်လွှာတစ်ထပ် အရှည် ပေ ၅၀ ရှိ ဘေလီတံတားတစ်စင်းနှင့် ချဉ်းကပ်လမ်း တည်ဆောက်ခြင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၈ ဒသမ ၀၉၃ သန်းဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေရာမှ တံတားဟောင်းသည် ၂၀၁၉ ခုနှစ်က သဘာဝဘေးဖြစ်သည့် တောင်ကျရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ပြီး ကုန်စည်စီးဆင်းမှုနှင့် ဆက်သွယ်သွားလာရေးများ ပြတ်တောက်မှုမရှိစေရန် ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးရန်ပုံငွေဖြင့် အရှည် ပေ ၅၀ ယာယီ ဘေလီတံတားတစ်စင်းကို တည်ဆောက်ပေးထားကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံတားသစ်နှင့် ချဉ်းကပ်လမ်းလုပ်ငန်းအတွက် မြေဖြတ်ထုတ်ခြင်း၊ ကျောက်တောင်မိုင်းခွဲခြင်း စသည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်းနှင့် တံတားတည်ဆောက်ပြီးစီးပါက ကျေးရွာလေးရွာရှိ အိမ်ခြေ ၄၀၀ နီးပါးမှ လူဦးရေ ၃၄၀၀ ခန့်အတွက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ကိုစိုင်း(လွှိုင်ကော်)

၂၀၂၀ ရွေးကောက်ပွဲရက်များနှင့် နိုင်ငံပိုင်သတင်းစာ

ခင်ရတနာ

၁၃-၁-၂၀၂၀ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(ယမန်နေ့မှအဆက်)

ပြည်သူအတွက် ကြိုတင်အသိပညာဖြန့်ဝေခဲ့

နိုင်ငံပိုင်သတင်းစာများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်း တာဝန်များဖြစ်သည့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်မှုသတင်းများကို ယခုနှစ်ဆန်းပိုင်းကတည်းက ဖော်ပြနိုင်ခဲ့ကြသည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစုခြင်းသတင်းများ၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်းသတင်းများ၊ ဆန္ဒမဲလက်မှတ်များကို မဲရုံများထံ စနစ်တကျသယ်ယူပေးပို့သည့် သတင်းများ အစရှိသည့် သတင်းများကို နေ့စဉ်ဖော်ပြပေးနိုင်ခဲ့ပါသည်။

သတင်းစာများတွင် ယခုနှစ်ဆန်းပိုင်းမှစတင်ကာ ရွေးကောက်ပွဲအကြိုကာလ တစ်လျှောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ ဒေသအသီးသီးသို့ သွားရောက်၍ မဲရုံများစစ်ဆေးခြင်း၊ ပြည်သူများ၏ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိနိုင်စေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းပေးခြင်းများ၊ မဲရုံများ ကြိုတင်ပြင်ဆင်ခြင်းသတင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထူးရဲများ လေ့ကျင့်ပေးခြင်းနှင့် မဲရုံ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူးများအတွက် သင်တန်းဖွင့်လှစ်သည့် သတင်းများကို နေ့စဉ်ဖော်ပြနိုင်ခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် ပညာပေးအချက်အလက်များအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ အားလုံး နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်ရေးအတွက် ပြည်ပနိုင်ငံများရှိမြန်မာနိုင်ငံသံရုံးများသို့ မဲလက်မှတ်များ အချိန်မီတင်ပို့နိုင်မှု အခြေအနေ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှ သက်ဆိုင်ရာ မြန်မာနိုင်ငံသားများသို့ အသိပေးချက်များ၊ ကြိုတင်ဆန္ဒမဲ ပေးအပ်နိုင်ရန် အတွက် လမ်းညွှန်မှုများနှင့် ကြိုတင်ဆန္ဒမဲပေးခြင်း သတင်းများကိုလည်း ဆက်သွယ်ရယူပြီး ဖော်ပြပေးနိုင်ခဲ့ပါသည်။

၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တင်ပြခဲ့ကြသည်။

သတင်းယူရန် လျှာထားခဲ့

ထို့ပြင် ရွေးကောက်ပွဲကျင်းပနေစဉ်နှင့် မဲစာရင်းရေတွက်စဉ်ကာလ အတွင်း နိုင်ငံပိုင်သတင်းစာများတွင် သတင်းဖော်ပြပေးနိုင်ရန်အတွက်

စာမျက်နှာ ၉ သို့

"သတင်းစာများတွင် ယခုနှစ်ဆန်းပိုင်းမှ စတင်ကာ ရွေးကောက်ပွဲ အကြိုကာလတစ်လျှောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၏ ဒေသအသီးသီးသို့ သွားရောက်၍ မဲရုံများ စစ်ဆေးခြင်း၊ ပြည်သူများ၏ နိုင်ငံသားအခွင့်အရေးကို အပြည့်အဝရရှိနိုင်စေရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းပေးခြင်းများ၊ မဲရုံများ ကြိုတင်ပြင်ဆင်ခြင်း သတင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အထူးရဲများ လေ့ကျင့်ပေးခြင်းနှင့် မဲရုံတာဝန် ထမ်းဆောင်ကြမည့် မဲရုံမှူးများအတွက် သင်တန်းဖွင့်လှစ်သည့် သတင်းများကို နေ့စဉ်ဖော်ပြနိုင်ခဲ့"

၁၉-၆-၂၀၂၀ ရက်နေ့က ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလှုံ့ဆော်ရေးအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်းအစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေး ခန်းမ၌ ကျင်းပစဉ်။

စာမျက်နှာ ၈ မှ

နေပြည်တော်ကောင်စီအပါအဝင် တစ်နိုင်ငံလုံးတွင် တိုက်ပိုင်သတင်းထောက်များ၊ ဒေသခံသတင်းထောက်များ စုစုပေါင်း ၈၈ ဦးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၅၂၂ ဦးတို့ကို သတ်မှတ်ကာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် သတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားများ တပ်ဆင်၍ ရွေးကောက်ပွဲသတင်းရယူခြင်းဆိုင်ရာ လိုက်နာရမည့် သတင်းမီဒီယာကျင့်ဝတ်များ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟို ကော်မတီမှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက် သတင်းရယူနိုင်ရန်အတွက် ပြင်ဆင်ထားရှိခဲ့ပါသည်။

စာဖတ်ပရိသတ်များ၏ အကြံဉာဏ်များရယူ

ရွေးကောက်ပွဲကာလတွင်သာမက နိုင်ငံပိုင်သတင်းစာများနှင့် ပတ်သက်လာပါက မကြာခဏဝေဖန်ခံရခြင်းများ ကြုံတွေ့နေရစမြဲဖြစ်ပါသည်။

နိုင်ငံပိုင်သတင်းစာများ၏ ဆက်လက်ရှင်သန်ရပ်တည်နိုင်ခြင်းသည် အားပေးဖတ်ရှုသူ ပြည်သူများကြောင့်သာ ဆက်လက်တည်ရှိနေခြင်း ဖြစ်ပါသည်။ နိုင်ငံပိုင်သတင်းစာများနှင့် ပတ်သက်၍ သတင်းအရည်အသွေး၊ ပုံနှိပ်အရည်အသွေးနှင့် သတင်းခန်းအရည်အသွေးများ မြှင့်တင်ရေးအတွက် စာရေးသူအလုပ်ဝင်ရောက်သည့် ဆယ်စုနှစ် တစ်စုစာအတွင်း သက်ဆိုင်ရာဌာန အကြီးအကဲများက သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ အရည်အသွေးမြှင့်တင်ပေးခဲ့သည်ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ သတင်းများကိုလည်း သတင်းအင်္ဂါရပ်၊ သတင်းအရည်အသွေးပြည့်မီမှုရှိစေရန် ပြင်ပသတင်းအတတ်ပညာရှင်များ ဖိတ်ခေါ်ကာ သင်ကြားလေ့လာမှုများ၊ ပြည်တွင်း၊ ပြည်ပ သတင်းအတတ်ပညာဆွေးနွေးပွဲများ တက်ရောက်စေခြင်းများကိုလည်း

ရွေးကောက်ပွဲတတ်ပုံမြင်ကွင်း

မြို့နယ်အသီးသီးတွင် ၂၀၂၀ ပြည်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေး

၂၀၂၀ ပြည်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပ၌ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနေမှုကို သတင်းစာ၌ ဖော်ပြထားမှု။

ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ သတင်းမီဒီယာ ပလက်ဖောင်းများဖြစ်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နေ့စဉ်သတင်းတင်ဆက်မှု ညှိနှိုင်းဆောင်ရွက်ခြင်းများကို ဗီဒီယိုကွန်ဖရင့်ဖြင့် ဆောင်ရွက်၍ ပိုမိုကောင်းမွန်သည့် သတင်းဖော်ပြနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံပိုင်မီဒီယာများအနေဖြင့် ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြည်သူနှင့် အစိုးရကြား ပေါင်းကူးပေးခြင်းကိုသာ ဆောင်ရွက်လျက်ရှိပြီး မိမိတို့နှင့် သဘောထားအမြင် မတူသူများအား ဖိနှိပ်ခြင်း၊ ဝါဒဖြန့်ချိုခြင်းတို့ကို လုံးဝလုပ်ဆောင်ခြင်း မရှိသည်ကို ယခင်၊ ယခု နှိုင်းယှဉ်ဖတ်ရှုကြသည့် စာဖတ်ပရိသတ်များ သိရှိသတိထားမိမည်ဟု ယုံကြည်ပါသည်။ မိမိတို့နှင့် သဘောထားအမြင် မတူသူများ၏ ဆောင်းပါးများ၊ ရေးသားချက်များကိုပါ "ပြည်သူ့သဘောထားစင်မြင့်"ဟု ကဏ္ဍာတစ်ရပ်ဖွင့်လှစ်၍ ဖော်ပြပေးခြင်းများလည်း ရှိပါသည်။

သို့သော် နိုင်ငံပိုင်သတင်းစာများဖြစ်သဖြင့် ယမန်နေ့က တင်ပြသကဲ့သို့ စာဖတ်သူပရိသတ်များနှင့် အစိုးရအကြား သတင်းပြန်ကြားပေးရမည့်တာဝန်ကို

ဗန်ကောက်မြို့၊ တိုကျိုမြို့နှင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး (၃) ရုံးတို့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ

ကိုယ်ပိုင်ကိုယ်စား ကြိုတင်ဆန္ဒမဲပေးခဲ့

ကြိုတင်ဆန္ဒမဲပေးခဲ့

ကြိုတင်ဆန္ဒမဲပေးခဲ့

ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ကြေညာချက်တွေကို အားလုံးလိုက်နာတဲ့အချိန်၊ လိုက်နာမှုအားအကောင်းဆုံးအချိန်မှာ ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျသွားမှာ ဖြစ်ပါတယ်

ဒေါက်တာထွန်းမြင့်

တွေ့ဆုံမေးမြန်း – မင်းသစ်(MNA) ၊ ဓာတ်ပုံ–ဇော်မင်းလတ် (MNA) နှင့် ကျော်ဇေယျာဝင်း

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်ဒုတိယလှိုင်း စတင်ခဲ့သည့် အချိန်မှစ၍ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာခဲ့ပြီး လူသေဆုံးမှုများလည်း များပြားလာခဲ့သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိစေရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမြင့် နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးတို့အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည် –

ဒေါက်တာထွန်းမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန

မေး ။ ။ ကိုဗစ်-၁၉ရောဂါကူးစက်ခံရတဲ့သူတွေအနေနဲ့ မိမိအစီအစဉ်နဲ့ ဆေးကုသမှုပြုပြီး အခြေအနေဆိုးရွားမှ ဆေးရုံကို လာရောက်ပြသတဲ့အတွက် လူနာတွေအနေနဲ့ မသေဆုံးသင့်ဘဲ သေဆုံးရတဲ့ ဖြစ်စဉ်တွေ ရှိနေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရောဂါကူးစက်ခံရရင် ဆေးရုံကို လာကြဖို့ လူနာတွေကို ဘယ်လိုများ တိုက်တွန်းပြောကြားချင်ပါသလဲ။

ဖြေ ။ ။ လူနာတွေအတွက် အရည်အသွေး ပြည့်ဝတဲ့ ကုသမှုရရှိရေးက အလွန်အရေးကြီးပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ကုသမှုရရှိဖို့ဆိုတာ ဆေးရုံတွေ ပြင်ဆင်ထားရတာ ရှိပါတယ်။ လူနာတွေအနေနဲ့ အိမ်မှာနှောင့်နှေးတဲ့ အကြောင်းရင်းကြောင့် စိုးရိမ်ရတဲ့ အနေအထားကျမှ သိရှိရတယ်။ ဆေးရုံရောက်လာတာ နောက်ကျတယ်။ နောက်ကျတဲ့အခါကျတော့ သေဆုံးမှုတွေက ဖြစ်တာပေါ့။ ဒီအခြေအနေမှာ ဆေးရုံတွေဘက်ကလည်း အစွမ်းကုန်ပြင်ဆင်ထားပါတယ်။ ကိုဗစ်-၁၉ ကလည်း မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ တွေ့ကြုံနေရတော့ ဒီအတွေ့အကြုံတွေအရ တစ်လှမ်းချင်းတိုးပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုဗစ်ပထမလှိုင်းမှာ အလူးအလဲခံခဲ့ရတဲ့ ကမ္ဘာ့နိုင်ငံတွေက တိုင်းပြည်တွေရဲ့ အခြေအနေတွေကိုလည်း မျက်ခြည်မပြတ် ကျွန်တော်တို့ လေ့လာပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့နိုင်ငံမှာ ပြင်ဆင်စရာ ရှိတာတွေကို ပြင်ဆင်ခဲ့ပါတယ်။

ကိုဗစ်ကူးစက်မှု များလာမယ်ဆိုတာ သိခဲ့လို့လည်း ပြည်သူတွေမပေါ်ဆဖို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း တောက်လျှောက်သတိပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ရောဂါလက္ခဏာတွေကိုလည်း ပြည်သူလူထုကို အသိပေးထားပါတယ်။ ကိုဗစ်-၁၉ ရောဂါ လက္ခဏာနဲ့ သက်ဆိုင်တာတွေဖြစ်ရင် နီးစပ်ရာကျန်းမာရေးဌာနကို ပြသပြီးတော့ အချိန်မီကုသမှုခံယူပါဆို တာ အသိပေးထားပါတယ်။ ဒီလိုကုသမှုခံယူဖို့ဆိုတာ ဆေးရုံတွေကို နောက်ကျမှ ရောက်လာပြီး သေဆုံးမှုတွေ ဖြစ်ပွားတာကို လျှော့ချချင်လို့ပါ။

စာမျက်နှာ ၁၁ သို့

“ပြည်သူလူထုက အိမ်မှာ ကျိတ်ကုမနေဖို့နဲ့ ရောဂါဖြစ်တယ်ဆိုရင် ကျန်းမာရေးဌာနကို သတင်းပို့ဖို့ လိုပါတယ်။ သတင်းပို့တယ်ဆိုတဲ့နေရာမှာ တယ်လီဖုန်းလေးဆက်ရုံနဲ့ကို မကျွန်စစ်ဇင်ကအဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လူနာကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါတယ်”

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး Isolation room ရှိ ကိုဗစ်-၁၉ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ။

စာမျက်နှာ ၁၀ မှ

ကိုဗစ်-၁၉ လူနာများအား စောင့်ကြည့်၍ ကျန်းမာရေးလိုအပ်သည့် စောင့်ရှောက်မှုများပေးနေသည့် Control room ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ လူနာများအတွက် လူနာခုတင်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ အရည်အသွေးပြည့်ဝတဲ့ ကုသမှု ရရှိဖို့ဆိုရင် အိမ်မှာ ကျိတ်ကုနေခြင်းအားဖြင့် နှောင့်နှေးမယ်။ နှောင့်နှေးရင် ကျွန်တော်တို့ရဲ့ ကုသမှုက အရည်အသွေးမမီနိုင်တော့ဘူး။ ဒါကြောင့်မို့ အရည်အသွေးမီတဲ့ ကုသမှုရရှိဖို့အတွက်ဆိုရင် အဓိက အချက်က အိမ်မှာ ကျိတ်ကုမနေဖို့ လိုပါတယ်။ အိမ်မှာ ကျိတ်ပြီး ကုသနေတဲ့သူတွေအနေနဲ့တော့ ရောဂါပြင်းထန်မှ သိရတဲ့အခါကျတော့ အသက်ကယ်ဖို့မှာ ကျွန်တော်တို့ ဘက်ကလည်း တော်တော်အခက်အခဲနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေဖြစ်ပါတယ်။ လူနာအနေနဲ့လည်း မခံစားရမယ့် ဝေဒနာကို ပိုပြီးခံစားရတယ်။ နောက်ဆုံးမိသားစုအနေနဲ့ ဆုံးရှုံးမှု တအားကြီးလွန်းတယ်။ အဲဒါကြောင့် အိမ်မှာ ကျိတ်မကုဘဲနဲ့ ရောဂါလက္ခဏာ သံသယရှိတယ်၊ ထိတွေ့မှုရှိတယ်၊ ဒီလိုအခြေအနေ ရောက်လာရင်တော့ ကျန်းမာရေးဌာနတွေ အများကြီးရှိပါတယ်။ ဆေးရုံတွေ၊ မြို့နယ်ကုသရေးဦးစီးဌာနတွေ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေကို ဖုန်းဆက်ပြီး သတင်းပို့လိုက်ရင် ကျန်းမာရေးဌာနတွေက ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်သွားမယ့် အစီအစဉ် နဂိုကတည်းက ရှိပြီးသား ဖြစ်ပါတယ်။

မတ်လ ၂၃ ရက် ကိုဗစ်-၁၉ရောဂါ Positive လူနာ မြန်မာနိုင်ငံမှာ စပြီးတွေ့ကတည်းက လုပ်ရမယ့် အစီအမံတွေ ရှိပြီးသားဖြစ်ပါတယ်။ ပြည်သူလူထုက အိမ်မှာ ကျိတ်ကုမနေဖို့နဲ့ ရောဂါဖြစ်တယ်ဆိုရင် ကျန်းမာရေးဌာနကို သတင်းပို့ဖို့လိုပါတယ်။ သတင်းပို့တယ်ဆိုတဲ့ နေရာမှာ တယ်လီဖုန်းလေး ဆက်ရုံနဲ့ကို မတ္တနစ်ဇင်ကအဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ လူနာကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါတယ်။

မေး ။ ။ Positive ဖြစ်တဲ့သူကို လူနာစောင့်ထားဖို့ ဖြစ်နိုင်မဖြစ်နိုင် သုံးသပ်ပေးပါခင်ဗျ။

ဖြေ ။ ။ တကယ်တော့ Positive ဖြစ်တဲ့ လူနာကို Negative ဖြစ်တဲ့သူက အတူတူရှိရေးဆိုတာ ဒါတကယ်ကို မဖြစ်သင့်တဲ့ ကိစ္စပါ။ Positive ဖြစ်တဲ့သူကနေ Negative ဖြစ်တဲ့သူကို အချိန်မရွေး ကူးသွားနိုင်တယ်။ ကူးသွားနိုင်တဲ့အတွက် ဘယ်လောက်ထိ ဖြစ်နိုင်သလဲဆိုရင် ကိုဗစ်ရောဂါ ကူးစက်ခံရပြီဆိုရင် ရုတ်တရက်လည်း သေဆုံးနိုင်တယ်။ ဒါလတ်တလောပေါ့။ လတ်တလော

ဒေါက်တာထွန်းမြင့်
(ဒုတိယညွှန်ကြားရေးမှူးချုပ်)

ရောဂါလက္ခဏာတွေပြ၊ အသက်ရှူခက်၊ အောက်ဆီဂျင်တွေကျ။ ဒါတွေနဲ့ ဆေးကုသမှုခံယူရတဲ့ အချိန်တွေက လတ်တလောအခြေအနေ။ နောင်နေကောင်းသွားပြီဆိုနာတာရှည်နှလုံးရောဂါတို့၊ အဆုတ်ထဲကျန်ခဲ့မယ့် ဟာတွေက နာတာရှည်အနေနဲ့ ကျန်ခဲ့မယ့်ဟာတွေပဲ။

နောက်တစ်ခု စိတ်ပိုင်းဆိုင်ရာပေါ့။ ရောဂါကူးစက်မှု ခံရပြီဆိုတာနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေကများပါတယ်။ ဒါတွေအတွက်ကို အတူတူတွဲမရှိသင့်တဲ့ အတွက် လူနာတော့ ပေးမစောင့်သင့်ဘူး။ သို့သော်လည်းပဲ စောင့်သင့်တဲ့အခြေအနေလည်း ရှိနေတယ်။ ဆေးရုံစောင့်ရမယ့် သူတွေကတော့ ဆွေမျိုးရင်းချာ၊ မိတ်ဆွေရင်းချာတို့ ဒါတွေကတော့ စောင့်ပေးရတော့မှာပဲ။ ဘယ်လိုလူနာတွေကို စောင့်ရှောက်ပေးရမလဲဆိုတော့ အိပ်ရာပေါ် လဲနေတဲ့သူတွေ၊ သူငယ်ပြန်နေတဲ့သူတွေ၊ ကလေးသူငယ်တွေ၊ အော်တစ်ဇင်ဖြစ်နေသူတွေ၊ အမြင်အာရုံချို့တဲ့နေသူတွေ၊ အကြားအာရုံချို့တဲ့နေသူတွေ ဒါတွေမှာတော့ လူနာစောင့်လိုအပ်ပါတယ်။ ဒါကိုခြွင်းချက်အနေနဲ့ ခွင့်ပြုထားတယ်။ ခွင့်ပြုတဲ့အခြေအနေမှာလည်း ငယ်ရွယ်တဲ့ ကလေးတွေတော့ လူနာလာစောင့်လို့မရဘူး။ ကျန်းကျန်း

"ဆေးရုံစောင့်ရမယ့်သူတွေကတော့ ဆွေမျိုးရင်းချာ၊ မိတ်ဆွေရင်းချာတို့ ဒါတွေကတော့ စောင့်ပေးရတော့မှာပဲ။ ဘယ်လိုလူနာတွေကို စောင့်ရှောက်ပေးရမလဲဆိုတော့ အိပ်ရာပေါ် လဲနေတဲ့သူတွေ၊ သူငယ်ပြန်နေတဲ့သူတွေ၊ ကလေးသူငယ်တွေ၊ အော်တစ်ဇင်ဖြစ်နေသူတွေ၊ အမြင်အာရုံချို့တဲ့နေသူတွေ၊ အကြားအာရုံချို့တဲ့နေသူတွေ ဒါတွေမှာတော့ လူနာစောင့်လိုအပ်ပါတယ်။ ဒါကိုခြွင်းချက်အနေနဲ့ ခွင့်ပြုထားတယ်။ ခွင့်ပြုတဲ့အခြေအနေမှာလည်း ငယ်ရွယ်တဲ့ ကလေးတွေတော့ လူနာလာစောင့်လို့မရဘူး။ ကျန်းကျန်းမာမာနဲ့ အသက် ၁၈ နှစ်ကနေ အသက် ၄၅ နှစ်ကြား ဒီလိုလူတွေကို စောင့်ရှောက်ခွင့်ပေးမယ်"

မာမာနဲ့ အသက် ၁၈ နှစ်ကနေ အသက် ၄၅ နှစ်ကြား ဒီလိုလူတွေကို စောင့်ရှောက်ခွင့်ပေးမယ်။

ICU ထဲ ထည့်ရတဲ့လူနာကိုတော့ သက်ဆိုင်ရာ မေ့ဆေးဆရာဝန်ကြီးက ကြီးကြပ်ဆုံးဖြတ်ရတာရှိမယ်။ ဆေးရုံတွေမှာလည်း စီမံခန့်ခွဲမှုကော်မတီတွေ ရှိတယ်။ ဒီကော်မတီတွေက ဆုံးဖြတ်ရပါတယ်။ လူနာစောင့်ခွင့် အထိုက်အလျောက်ပြုထားရတယ်။ ဒီလိုဆုံးဖြတ်တာတွေက အရေးပေါ်ဆုံးဖြတ်လိုက်ရတာဆိုရင်လည်း အနီးစပ်ဆုံး ကော်မတီအစည်းအဝေးမှာ တင်ပြပြီး အတည်ပြုချက် ယူရပါတယ်။

မေး ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့လူနာ ဘယ်လောက်ရှိပါသလဲ။ ကုသရေးစင်တာတွေကိုရော ဘယ်နှခုလောက် ပြင်ဆင်ဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ Positive လူနာ ငါးသောင်းကျော် ရှိပါတယ်။ ဒီအထဲမှာ ၁၄၀၀ ကျော် သေဆုံးခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ Positive လူနာ ငါးသောင်းကျော်က မြန်မာတစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုရဲ့ ၈၀ ရာခိုင်နှုန်းကျော် ရှိပါတယ်။ ဒါအတွက်ကို ကုသမှုစင်တာတွေကို တိုးချဲ့ပြီးတော့ ဖွင့်လှစ်ရပါတယ်။

ကနဦး ဝေဘာဂီဆေးရုံမှာ ပြင်ဆင်တယ်။ ထပ်ပြီး တောင်ဥက္ကလာပဆေးရုံကြီးကိုလည်း ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံအနေနဲ့ ဖွင့်လှစ်ခဲ့ပါတယ်။ မလုံလောက်တဲ့အတွက် ဖောင်ကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာ အနေနဲ့ ဖွင့်လှစ်ရပါတယ်။ အခုဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရန်ကုန်မှာ ဆောင်ရွက်နေတဲ့ ကုသရေးစင်တာ အားလုံးပေါင်း ၁၇ ခု ရှိပါတယ်။ တပ်မတော်ဘက်ကဆိုရင်လည်း တပ်မတော်အသည်း အထူးကုဆေးရုံကြီး အပါအဝင် ခုနစ်နေရာ အားလုံး ၂၄ နေရာ ရှိပါတယ်။ ခရိုင်ဆေးရုံ၊ မြို့နယ်ဆေးရုံတွေမှာလည်း ကုသနိုင်အောင် အဆင့်မြှင့်တင်မှုတွေ လုပ်ထားပါတယ်။ အဲဒီအတွက်လည်း လုံလောက်တဲ့ ဘတ်ဂျက်ကို နိုင်ငံတော် က ချထားပေးပြီး ဖြစ်ပါတယ်။ ပြည်သူတွေ စိုးရိမ် ကြောင့်ကြမှုမရှိစေရေး ဆေးရုံတွေမှာ လူနာတွေ ကျပ်ပိတ်သိပ်ပြီး ဆေးကုသမှု မခံယူရစေအောင်လည်း စီမံဆောင်ရွက်ထားပါတယ်။ ပြည်သူလူထုအနေနဲ့လည်း စိုးရိမ်သောကဖြစ်စရာ မရှိပါဘူး။ ကောင်းကောင်း စောင့်ရှောက်ပါမယ်။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ယာယီတိုးချဲ့လူနာဆောင် အဆောက်အအုံကို တွေ့ရစဉ်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်မှ အလှူငွေ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းချုပ်မှ အလှူငွေ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းချုပ်၏ဥက္ကဋ္ဌ ဦးအိုက်ထွန်းက မြန်မာနိုင်ငံ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ကို မိမိတို့သိရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် တတ်အားသရွေ့ ပါဝင်လှူဒါန်းခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုကဲ့သို့ မိမိတို့မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ကပ်ရောဂါကို ရင်ဆိုင်နေရချိန်တွင် ဌာနဆိုင်ရာအသီးသီးက လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများကလည်း ငွေကြေးအားဖြင့်သော်လည်းကောင်း၊ လုပ်အားဖြင့်သော်လည်းကောင်း ပါဝင်ပံ့ပိုးဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် လက်တွေ့မြေပြင်တွင် လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ကိုဗစ်–၁၉ ကပ်ရောဂါကို အများဆုံး ထိခိုက်ခံစားနေရပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ကိုဗစ်–၁၉ ကြောင့် ကြုံတွေ့ရသော အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်သူများမှ ဆက်လက်ပိုင်းဝန်းကူညီကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

များစွာအကျိုးရှိ

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး လူနာများ၏ အသက်ကိုကယ်တင်ကုသရာတွင် အသုံးပြုနိုင်မည်ဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ အား ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေး စည်းကမ်းများကို ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ အနေဖြင့်လည်း ကိုဗစ်–၁၉ ကာကွယ်ရေးနည်းလမ်းများအား လက်ဆင့်ကမ်း ဝေမျှခြင်းနှင့် လိုက်နာဆောင်ရွက်ကြစေရန်နှင့် အချင်းချင်း တိုက်တွန်းနှိုးဆော်ခြင်းများ ပြုလုပ်စေလိုပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာတွင် ပိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်မှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ ငွေကျပ်သိန်း ၅၀၀၀ နှင့် ကိုဗစ်–၁၉ ကာကွယ်၊ ကုသရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဆေးရုံများ အဆင့်မြှင့်တင်ရန်အတွက် ငွေကျပ်သိန်း ၂၀၀၀ ကို မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းချုပ်၏ ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ) သတင်းစဉ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် မြန်မာနိုင်ငံဆိုင်ရာ UNODC Country Manager, Mr. Benedikt Hofmann အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ UNODC ၏ Country Manager အဖြစ် ခန့်အပ်ခြင်းခံရသည့် Mr. Benedikt Hofmann အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံ ဆွေးနွေးရာတွင် ကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများ၊ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများတွင် နည်းပညာအကူအညီ ပေးအပ်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မှုခင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Case Management System) တွင် အသုံးပြုမည့် ရုံးသုံးစက်ပစ္စည်းကိရိယာများကို UNODC မှ ကော်မရှင်သို့ လွှဲပြောင်းပေးအပ်သည်။

Case Management System တွင် အသုံးပြုမည့် goCASE Application ကို အသုံးပြုနိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် လုပ်ငန်းလမ်းညွှန် (Term of Reference –TOR) ရေးဆွဲခြင်း၊ စက်ပစ္စည်းတပ်ဆင်ခြင်း၊ Software ရေးဆွဲခြင်းများကို UNODC နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးမှုခင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို မကြာမီ စတင်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုးနှင့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (တောင်ကြီး)ရုံးခွဲ ဖွင့်လှစ်

တောင်ကြီး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် တောင်ကြီး–ဟိုပုံးသွား ပြည်ထောင်စုလမ်းမကြီးဘေးရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(တောင်ကြီး)ရုံးခွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါရုံးခွဲ ကျင်းပသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (တောင်ကြီး)ရုံးခွဲ ဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်တွင် တတိယရုံးခွဲကို လာရောက် ဖွင့်လှစ်ခြင်းအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့ အကျိုးစီးပွားအတွက် ကော်မရှင်နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(တောင်ကြီး) ရုံးခွဲအဆောက်အအုံကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်

ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကမ္ဘည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး အဆောက်အအုံအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ကိုးသန်းကျော်အထိရှိလာ

နယူးဒေလီ နိုဝင်ဘာ ၂၀

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ နိုဝင်ဘာ ၂၀ ရက်တွင် ကိုးသန်းကျော်အထိ ရောက်ရှိခဲ့ကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၅၈၈၂ ဦး ထပ်မံပေါ်ထွက်ခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၉၀၀၄၃၃၅ ဦး အထိ ရှိလာခဲ့သည်။

ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာလည်း ဆက်လက်တိုးလာလျက်ရှိပြီး နိုဝင်ဘာ ၁၉ ရက်တွင် သေဆုံးသူ ၅၈၄ ဦး ထပ်မံပေါ်ထွက်ခဲ့ကာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၃၂၁၆၂ ဦး အထိ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်း ရောဂါကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ ၄၄၃၇၄၉ ဦး ရှိပြီး ရောဂါပျောက်ကင်းသွား၍ ဆေးရုံမှ ပြန်ဆင်းလာသူ အရေအတွက်စုစုပေါင်း ၈၄၂၈၄၀ ဦး ဖြစ်ကြောင်း ဖက်ဒရယ်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

အိန္ဒိယအစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ စစ်ဆေးမှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်အထိ ရောဂါစစ်ဆေးမှုပေါင်း ၁၂၉၅၅၁၇၈၆ ခုအထိ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်တစ်နေ့တည်း၌ပင် ရောဂါစစ်ဆေးမှု ၁၀စုဝ၃၇ ခုအထိ ဆောင်ရွက်ခဲ့သည်။ မြို့တော်နယူးဒေလီ၌ ရုတ်တရက် ရောဂါကူးစက်မှု မြန်မြန်ဆန်ဆန်တိုးပွားလာသည့်အခြေအနေကြောင့် ဒေလီအုပ်ချုပ်ရေးအဖွဲ့က ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် တင်းကျပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့တော်အတွင်း ကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၄၂၄၅၅ ဦး ရှိရာ လာမည့်ရက်များတွင် လူနာများထားရှိရန် အထူးကြပ်မတ်ကုသဆောင်ရှိ လူနာခုတင်များအပါအဝင် လူနာခုတင်အရေအတွက် ပိုမိုဆံ့အောင် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံတွင် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာနေကြစဉ်။

ရမ်ဒက်ဆဗီယာဆေးကို ကိုဗစ်- ၁၉ လူနာများအား ကုသရာတွင်ပေးရန် အကြံပြုထားခြင်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ဂျီနီဗာ နိုဝင်ဘာ ၂၀

ဗိုင်းရပ်စ်သတ်ဆေးဖြစ်သည့် ရမ်ဒက်ဆဗီယာဆေးကို ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်နေရသည့်လူနာများအား ကုသရာတွင် အသုံးပြုရန် အကြံပြုထားခြင်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများ မည်မျှဖျားနာနေစေကာမူ ရမ်ဒက်ဆဗီယာဆေးကိုပေးရန် ညွှန်ကြားထားခြင်းမရှိကြောင်း နိုဝင်ဘာ ၂၀ ရက်တွင် ကိုဗစ်- ၁၉ အတွက် လက်တွေ့စမ်းသပ် ကုသမှုဆိုင်ရာ လမ်းညွှန်ချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖော်ပြခဲ့သည်။ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ရသည့် လူနာများအား လုပ်ဆောင်ခဲ့သည့် လက်တွေ့စမ်းသပ်မှုရလဒ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိစစ်ခဲ့သည်။

လေ့လာမှုအရ ရမ်ဒက်ဆဗီယာ ဆေးသည် လူနာများတွင် အသက်သေဆုံးမှုနှုန်းကို လျော့ကျစေသည့် ထိရောက်မှုမျိုးမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ ရမ်ဒက်ဆဗီယာဆေး ထုတ်လုပ်သည့် Gilead ကုမ္ပဏီက လတ်တလောတွင် ယင်းကိစ္စအပေါ် တုံ့ပြန်ခြင်းမရှိသေးပေ။ သို့ရာတွင် ကုမ္ပဏီက ပြီးခဲ့သည့်လအတွင်း ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာမှုကနဦးရလဒ်များကို မေးခွန်းထုတ်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များသည် တိကျခိုင်မာမှု မရှိကြောင်းနှင့် ဆေး၏အကျိုးအာနိသင်နှင့်ပတ်သက်၍ အခြားလေ့လာမှုရလဒ်များနှင့် ကိုက်ညီမှုမရှိကြောင်း Gilead ကုမ္ပဏီက ပြောကြားခဲ့သည်။ အမေရိကန်က ရမ်ဒက်ဆဗီယာဆေးကို ကိုဗစ်-၁၉ လူနာများ ကုသရာတွင် အသုံးပြုရန် ပြီးခဲ့သည့်လက ခွင့်ပြုခဲ့သည်။

အင်နန်အိတ်ချ်ကေ

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားသည့်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှုအန္တရာယ်ပိုမိုတိုးပွားလာ

တိုကျို နိုဝင်ဘာ ၂၀

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသည့် ကာလအတွင်း အိမ်တွင်း အကြမ်းဖက်မှုအန္တရာယ် ပိုမိုတိုးပွားလာနေသည့်အတွက် အမျိုးသမီးများနှင့် ကလေးငယ်များကို အကာအကွယ်ပေးရေး အရှိန်မြှင့်လုပ်ဆောင်ကြရန် ဂျပန်အစိုးရလေ့လာရေးအဖွဲ့တစ်ဖွဲ့က တိုက်တွန်းလိုက်ကြောင်း သိရသည်။

အိမ်တွင်းအကြမ်းဖက်မှု၊ လင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် ကိုယ့်ကိုယ် ကိုယ် သေကြောင်းကြံစည်မှုဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရန် အရေးပေါ် အစီအမံများ လိုအပ်လျက်ရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြခဲ့သည်။

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ကြောင့် စာသင်ကျောင်းများနှင့် မူကြိုကျောင်းများ ပိတ်ထားရသည့်အတွက် ကလေးငယ်များနှင့် အမျိုးသမီးများအပေါ် ကျရောက်လာနိုင်သည့်အန္တရာယ်ကို အလေးထားစဉ်းစားကြရန် ကျွမ်းကျင်သူများက တိုက်တွန်းလိုက်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

နှစ်ပေါင်း ၃၀အတွင်း ကာကွယ်ရေးဆိုင်ရာ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုတစ်ရပ်ကို ဗြိတိန်ဝန်ကြီးချုပ်ကြေညာ

လန်ဒန် နိုဝင်ဘာ ၂၀

လာမည့်လေးနှစ်အကြာတွင် ဗြိတိန်၏ ကာကွယ်ရေးအသုံးစရိတ်ကို ပေါင်ငွေ ၁၆ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉ ဘီလီယံ) အပိုဆောင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် အစီအစဉ်ကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာလိုက်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် နှစ်ပေါင်း ၃၀ အတွင်း ဗြိတိန်၏ အကြီးမားဆုံး ကာကွယ်ရေး အသုံးစရိတ်ဖြစ်ကြောင်း ဗြိတိန်ပါလီမန် အောက်လွှတ်တော်၌ ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ဝန်ကြီးချုပ်က ပြောသည်။ ဗြိတိန်အနေဖြင့် နိုင်ငံ့လက်နက် အင်အားစုများကို အပြောင်းအလဲပြုလုပ်ခြင်းဖြင့် ခေတ်နောက်ပြန်ဆွဲနေခြင်းကို အဆုံးသတ်စေမည်ဖြစ်ကာ စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြှင့်တင်ရန်လိုအပ်နေကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

စစ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပေါင် ၁ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၀ ဘီလီယံ) ထပ်မံရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အသစ်ပြုလုပ်မည့် ရင်းနှီးမြှုပ်နှံမှုသည် ဥရောပ၌ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်အများဆုံး နိုင်ငံတစ်ခုအနေဖြင့် ဗြိတိန်၏ ကာကွယ်ရေးအရ တည်ရှိမှုကို ခိုင်မာစေမည်ဖြစ်ကြောင်း ဒေါင်းနင်းလမ်းမှ သတင်းရင်းမြစ်များက ဖော်ပြသည်။

ဆင်ဟွာ၊အေအက်ဖ်ပီ

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ဗြိတိန်ပါလီမန်အောက်လွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ်။

ဥရောပပြည်သူ ၉၅ ရာခိုင်နှုန်းအထိ နှာခေါင်းစည်းတပ်ဆင်လျှင် ကန့်သတ်ပိတ်ဆို့မှုများမလိုအပ်ကြောင်း ဥရောပဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အာဏာပိုင်ပြော

ဂျီနီဗာ နိုဝင်ဘာ ၂၀

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေချိန် ဥရောပနိုင်ငံများတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် လိုအပ်သည့်နေရာများ၌ လူတိုင်းနီးပါး နှာခေါင်းစည်းတပ်ဆင်ကြမည်ဆိုပါက ဥရောပ၌ ကန့်သတ်ပိတ်ဆို့မှုများချမှတ်ရန် လိုအပ်တော့မည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဥရောပဒေသဆိုင်ရာ ဒါရိုက်တာဟန့်စ်ကလူဂယ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အပြီးဖယ်ရှားနိုင်မည်

ဥရောပနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားသူ အရေအတွက် ပိုမိုများပြားလာလျက်ရှိသည်။ ဥရောပပြည်သူများ၏ ၆၀ ရာခိုင်နှုန်းလောက်သာ နှာခေါင်းစည်းတပ်ဆင်ကြပြီး အကယ်၍ ၉၅ ရာခိုင်နှုန်း အထိ နှာခေါင်းစည်းတပ်ဆင်ကြလျှင် ကန့်သတ်ပိတ်ဆို့မှုများကို အပြီးဖယ်ရှားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လိုက်နာခြင်းမရှိ

ဥရောပတွင် လူအချို့မှာ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိချိန်တွင် နှာခေါင်းစည်းတပ်ဆင်ထားရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ (တတိယအကြိမ်) အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ(တတိယအကြိမ်) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ မြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ၂၀၁၉ ခုနှစ်၌ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာအား ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာကြီး ၁၀ ခုတွင် ထည့်သွင်းခဲ့ပါကြောင်း၊ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူအများစားသုံးရန် စီးပွားဖြစ်မွေးမြူထားသော ကြက်၊ ဝက်စသည်တို့ကိုယ်အလေးချိန်တိုးလာစေရန်အတွက် ပဋိဇီဝဆေးများကို တိရစ္ဆာန်အစာများတွင်ထည့်သွင်းခြင်းကြောင့် ထိုကြက်၊ ဝက်များကို လူတို့စားသုံးခြင်းမှတစ်ဆင့် လူအများ၌ ပဋိဇီဝဆေးယဉ်ပါးမှုများ ဖြစ်ပွားနိုင်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစီမံကိန်း (Global Action Plan) ကို သဘောတူ ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစီမံကိန်း (Global Action Plan) နှင့် ကိုက်ညီစွာဖြင့် မိမိတို့နိုင်ငံအတွက်ရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်ချက်များနှင့် အညီ အမျိုးသားပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာညှိနှိုင်းရေးဌာနသည် အသိပေးနှိုးဆော်ခြင်းအဖွဲ့၊ ပဋိဇီဝဆေးယဉ်ပါးမှုစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့၊ ရောဂါကူးစက်မှုထိန်းချုပ်ရေးအဖွဲ့၊ ပဋိဇီဝဆေးသုံးစွဲမှု ကြီးကြပ်ရေးအဖွဲ့နှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းအဖွဲ့တို့ ဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ ထင်ထင်ရှားရှားတွေ့မြင်နိုင်သည့် ပဋိဇီဝဆေးယဉ်ပါးမှုမှာ ဆေးယဉ်ပါး တီဘီရောဂါနှင့် ပြင်းထန်ဆေးယဉ်ပါးတီဘီရောဂါတို့ ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်၌ အရည်အသွေးပြည့်ဝသော ပဋိဇီဝဆေးများ ဝယ်ယူနိုင်ရန် သက်ဆိုင်ရာ ပါမောက္ခများနှင့် ပညာရှင်ကြီးများ ပါဝင်သည့် ယာယီအဖွဲ့တစ်ခုဖွဲ့စည်းကာ အကြံပြုချက်များ ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီကိုလည်း အသစ်မွမ်းမံဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း။

ပဋိဇီဝဆေးယဉ်ပါးမှုကို တိုက်ဖျက်ရာ၌ ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားရေးသည် အရေးကြီးသကဲ့သို့ ဆေးတင်သွင်းသူများနှင့် ဆေးရောင်းချသူများ အနေဖြင့်လည်း စည်းကမ်းဥပဒေများလိုက်နာ ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ အရည်အသွေး မပြည့်ဝသော ပဋိဇီဝဆေးများသုံးစွဲခြင်း၊ ပဋိဇီဝဆေးများအား မလိုအပ်ဘဲ သုံးစွဲခြင်းနှင့် ဆေးပတ်လည် သတ်မှတ်ရက်ပြည့်အောင် မသောက်သုံးခြင်းတို့ကြောင့် ဆေးယဉ်ပါးမှုများ ဖြစ်ပွားမှုများရှိနေပါကြောင်း၊ သို့ဖြစ်၍ ပဋိဇီဝဆေးများအား သက်ဆိုင်ရာ ဆရာဝန်ထံမှ ဆေးညွှန်းစာပါမှသာ ဆေးဆိုင်များက ရောင်းချစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာဌေးဌေးတင်က အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာစီမံကိန်း(၂၀၁၇-၂၀၂၂)ကို အဆင့်ဆင့်ရေးဆွဲခဲ့မှု၊ ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပဋိဇီဝဆေးယဉ်ပါးမှု ဆိုင်ရာ အသိပညာရှိမှု အမျိုးသားအဆင့် စစ်တမ်းကောက်ယူထားရှိမှုနှင့် တွေ့ရှိချက်များ၊ ပဋိဇီဝဆေးယဉ်ပါးခြင်း စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းလမ်းညွှန်(၂၀၂၀)ကို ရေးဆွဲထားရှိမှု၊ ဆေးရုံများတွင် ပဋိဇီဝဆေးယဉ်ပါးမှု အချက်အလက်များအား ဆန်းစစ်သုံးသပ်မှုအစီရင်ခံစာများ ပြုစုဖြန့်ဝေထားရှိမှု၊ ပဋိဇီဝဆေး အသုံးပြုမှုနှင့် ကြီးကြပ်မှု အစီအစဉ် ထွက်ပေါ်လာရေးဆောင်ရွက်နေမှု၊ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ (AWaRe tool) ကို အသုံးချဆောင်ရွက်နေမှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကဏ္ဍသုံးခုပူးပေါင်း၍ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ စစ်တမ်းဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် စီမံချက်များနှင့် လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆေးရုံများတွင် ပဋိဇီဝဆေးအမျိုးအစားအလိုက် အသုံးပြုမှုအခြေအနေများနှင့် ပဋိဇီဝဆေးများကို ကျိုးကြောင်းဆီလျော်စွာ အသုံးချရေးလုပ်ငန်းလမ်းညွှန်များအား လိုက်နာဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်းများ ပြုလုပ်စေလိုပါကြောင်း၊ ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများရှိ ဆေးဆိုင်များတွင် ပဋိဇီဝဆေးများအား ဆရာဝန်ညွှန်းစာဖြင့်သာ ရောင်းချပေးခြင်းဖြင့် ပြည်သူများအနေဖြင့် ဆေးဝါးများအား စနစ်တကျသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေး လုပ်ငန်းတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန၏ ဖွဲ့စည်းပုံအင်အားကို တိုးချဲ့ရန် မိမိအနေဖြင့် မူအားဖြင့် သဘောတူပြီးဖြစ်သဖြင့် ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

❑ ကျောဖုံးမှ

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား။ သေဆုံးမှုအခြေအနေ
(၂၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း)	ယခုအထိ စုစုပေါင်း
စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၁၆,၉၉၉) ဦး	(၉၈၆,၂၆၇) ဦး
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၁,၅၃၂) ဦး	(၇၆,၄၁၄) ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	(၉၆၈) ဦး	(၅၆,၆၀၁) ဦး
သေဆုံးလူနာ	(၁၉) ဦး	(၁,၆၉၅) ဦး

- ယနေ့ **သေဆုံးသူ (၁၉) ဦး** အနက် ရောဂါအခံရှိသူ (၁၇) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၆၈) ဦးတွင်-
  - ❍ ပြည်သူ့ဆေးရုံများ - (၃၃၈) ဦး
  - ❍ COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၃၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၃၈၇) ဦးတွင်-
  - ❍ Hotel Quarantine - (၂၅၆) ဦး
  - ❍ Facility Quarantine - (၁၄၈) ဦး
  - ❍ Community Based Facility Quarantine - (၉၂၂) ဦး
  - ❍ Anosmia Center - (၆၁) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ရေးမြို့နယ်ရှိ ကျေးရွာ ၃၀ တွင် သောက်သုံးရေသန့်ရှင်းမှုစစ်ဆေး

ရေး နိုဝင်ဘာ ၂၀

မွန်ပြည်နယ် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁ ရွာအနက် ကျေးရွာ ၃၀ တွင် ကျေးရွာနေပြည်သူများ သောက်သုံးလျက်ရှိသည့် ရေနမူနာများကို စစ်ဆေးလျက်ရှိသည်။

ထိုသို့စမ်းသပ်ရာတွင် ရေထဲတွင်ပါဝင်သော လူနှင့်တိရစ္ဆာန် အညစ်အကြေးဓာတ်များကြောင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော အီကိုလီဗက်တီးရီးယားပိုးများ ပါဝင်မှု ရှိ၊ မရှိကို သိရှိနိုင်ရန် အောက်တိုဘာလ စတုတ္ထအပတ်မှ စတင်စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာလကုန်တွင် လျာထားကျေးရွာအားလုံး စစ်ဆေးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မိုးဝင်း(ကျေးလက်)

(၃၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးနှင့် SEAGF Council Meeting ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် (SEAGF Council Meeting) အရှေ့တောင် အာရှအားကစားအဖွဲ့ချုပ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးကို SEAGF ဥက္ကဋ္ဌ၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားဝန်ကြီး ဗီယက်နမ်နိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ Nguyen Ngoc Thien ၊ ဗီယမ်နမ်နိုင်ငံ အားကစားအုပ်ချုပ်မှုကော်မတီ Mr. Vuong Bich Thang၊ SEAGF အမှုဆောင်ကော်မတီဥက္ကဋ္ဌ Prof. Hoang Vinnh Giang တို့က ဦးစီးကျင်းပပြီး အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများမှ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကာ SEAGF ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

အိမ်ရှင်အဖြစ် ကျင်းပ

(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံမှ အိမ်ရှင်အဖြစ် လည်းကောင်း၊ ၂၀၂၅ခုနှစ် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လည်းကောင်း ကျင်းပရန် အဆိုပြုတင်သွင်း၍ လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံများက လက်ခံကျင်းပနိုင်ရေးအတွက် အတည်ပြုသဘောတူခဲ့ကြသည်။ ထို့နောက် SEAGF ဥက္ကဋ္ဌမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကျင်းပရာတွင် ထည့်သွင်းကျင်းပရမည့် အိုလံပစ်အားကစားနည်းများ၊ ဒေသတွင်း အားကစားနည်းများ၊ ရိုးရာအားကစားနည်းများ ထည့်သွင်းပါဝင် ကျင်းပမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အားကစားနည်းများ

ထို့နောက် ၂၀၂၁ ခုနှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်နိုင်ငံက ပြိုင်ပွဲများအား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဟန္တိုင်းမြို့နှင့် အနီးပတ်ဝန်းကျင် မြို့များ၌ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ နှင့် ပြိုင်ပွဲအမျိုးအစားပေါင်း ၅၀၀ ကျင်းပရန် လျာထားကြောင်းနှင့် ပြိုင်ပွဲလက်ခံကျင်းပမည့် အားကစားနည်းများ အလိုက် အားကစားကွင်း/ရုံများ၊ ဖွင့်ပွဲနှင့်ပိတ်ပွဲကျင်းပမည့် အားကစားကွင်းများအား ဗီဒီယိုများနှင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ပြိုင်ပွဲလက်ခံ ကျင်းပမည့် အကြမ်းဖျင်းလျာထားသော အားကစားနည်းများမှာ ရေကူး၊ ပြေးခုန်ပစ်၊ ကျွမ်းဘား၊ ဗိုဗီနမ်၊ လက်ဝှေ့၊ မွေထိုင်း၊ ပန်ကြပ်ဆီလပ်၊ ကာယကြံ့ခိုင်မှု၊ စက်ဘီး၊ ဘောလုံး၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လှေလှော်၊ ဂျူဒို၊ ကရာတေး၊ ဘော်လီဘော၊ Handball၊ ဓားခုတ်၊ ဂေါက်၊ အက၊ ဝိတန်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ အလေးမ၊ နပန်း၊ ဝူရှူးတို့ ဖြစ်ကြသည်။

တင်ပြဆွေးနွေး

ယင်းနောက် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံက ပြိုင်ပွဲအောင်မြင်စွာ လက်ခံကျင်းပရန်အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲအား ၂၀၂၃ ခုနှစ် မေလအတွင်း အားကစားနည်း ၃၂ နည်းဖြင့် ကျင်းပရန် လျာထားကြောင်း ဗီဒီယိုနှင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ အသီးသီးက ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံအလိုက် ထပ်မံဖြည့်စွက်ထည့်သွင်းကျင်းပလိုသော အားကစားနည်းများကို တင်ပြကြရာ SEAGF ဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ဆက်လက်တင်ပြ ဆွေးနွေးမည်ဖြစ်ပြီး လာမည့်အစည်းအဝေးများတွင် ပါဝင်ထည့်သွင်းနိုင်ခြင်းရှိ မရှိကို အတည်ပြုပေးမည်ဟု ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ထောက်ပံ့ကြေးပေးရာတွင် ကျန်ခဲ့ပါက တိုင်ကြားနိုင်

စီးပွားရေးဘက်မှာဆိုရင် ကိုဗစ်ရောဂါကြာလာတာနဲ့အမျှ တစ်ကမ္ဘာလုံးမှာ စီးပွားရေးထိခိုက်မှုတွေဖြစ်တယ်။ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံတည်း မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ တတ်နိုင်သမျှ ပြည်သူတွေရဲ့ စီးပွားရေးအခက်အခဲတွေကို ရင်ဆိုင်ဖို့အတွက် ကြိုးစားပြီးတော့ ဆောင်ရွက်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အခြေခံလူတန်းစားတွေအတွက် ထောက်ပံ့ကြေးတွေပေးတာဟာ အခုဆိုရင် စတုတ္ထအကြိမ် ရှိပါပြီ။ ပထမ၊ ဒုတိယ၊ တတိယအကြိမ် အားလုံး ချောချောမွေ့မွေ့ ဖြစ်ခဲ့ပါတယ်။ အခု စတုတ္ထအကြိမ်မှာ တချို့နေရာတွေမှာ လူစုလူဝေးလုပ်ပြီးတော့ နည်းနည်းဆူပူတာတွေ ဖြစ်လာတယ်ဆိုတာလည်း ကျွန်မတို့ တွေ့ရပါတယ်။ ဒါတွေဟာလည်း မလိုအပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ ရည်ရွယ်ချက်က ဘယ်သူ့ကိုမှ ချန်ခဲ့ဖို့ မရှိပါဘူး။ ဘယ်သူ့ကိုမှလည်းချန်ခဲ့မှာ မဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ကျန်ခဲ့တယ်ဆိုရင် တိုင်ကြားနိုင်တဲ့ဌာနကို စပြီးတော့ ဖွင့်ပါပြီ။ အဲဒီတော့ တိုင်ကြားနိုင်ပါတယ်။ ကိုယ့်မိသားစု ကျန်ခဲ့တယ်ဆိုရင်၊ တစ်ယောက်တည်းသမားမို့ ကိုယ့် ရပိုင်ခွင့်ကို မရဘူးဆိုရင် တိုင်လို့ရပါတယ်။ အဲဒီတော့ အေးအေးဆေးဆေးနဲ့ တိုင်စာဌာနမှာ တိုင်ကြပါ။ အခြေအနေ ဘယ်လို ဖြစ်တာလဲဆိုတာကို ပြောကြပါ။ ရည်ရွယ်ချက်နဲ့ ဘယ်သူ့ကိုမှ ကျွန်မတို့ ထားခဲ့မှာမဟုတ်ပါဘူး။ အကယ်၍ ကျန်ခဲ့ရင်လည်း ပြန်ပြီးတော့ ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အင်မတန်မှ တာဝန်သိတဲ့ ပြည်သူလူထုဟာ အားလုံးဝိုင်းပြီးတော့ ဒီကိစ္စကို ချောချောမွေ့မွေ့နဲ့ ဖြေရှင်းနိုင်ဖို့အတွက် ပံ့ပိုးကူညီစေချင်ပါတယ်။ စတုတ္ထအကြိမ်မြောက် ပံ့ပိုးမှုတွေကို မြန်မြန်ဆန်ဆန်နဲ့ အားလုံးပြည့်ပြည့်စုံစုံ လုပ်သွားချင်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲစစ်ဆေးမှုများဆောင်ရွက်နိုင်သည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းသစ်ဖွင့်လှစ်

မန္တလေး နိုဝင်ဘာ ၂၀

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်နိုင်သည့် နိုင်ငံတကာအဆင့်မီ Bio Safety Level(2+)အဆင့်ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (Public Health Laboratory-Mandalay) အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ အဆိုပါအဆောက်အအုံသစ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူလူထုအတွက် အလျင်အမြန်လိုအပ်နေသည့် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းသစ်တစ်ခု အချိန်တိုအတွင်း ပေါ်ပေါက်လာသည့်အတွက် မန္တလေးမြို့အတွက် သာမက အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက်ပါ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးမှုများကို ပိုမိုပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်က တို့ဖတ်နမူနာများကို ရန်ကုန်သို့ပို့ပြီး ဓာတ်ခွဲစစ်ဆေးရာတွင် သုံးလေးငါးရက်ကြာမြင့်ပါကြောင်း၊ ပြည်သူများအတွက် အလျင်အမြန် လိုအပ်နေသည့်အချိန်တွင် လိုအပ်သည့်အရာတစ်ခုကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းသည် အစိုးရနှင့်အတူ စေတနာရှင် အလျှုရှင်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) အဆောက်အအုံသစ်ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းမြင့်၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ မေဝင့်ဝါနှင့် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အဆိုပါ ကော်မတီမှ ဒုတိယဥက္ကဋ္ဌက PHL (Mandalay) နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် နိုင်ငံတကာ စံချိန်မီ Bio Safety Level (2+) အဆင့် ဓာတ်ခွဲခန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးကြပ်၍ မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေရှာဖွေရေးကော်မတီမှ လူ့ဒါန်းငွေများဖြင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံ ကုန်ကျငွေ ကျပ်သိန်း ၁၂၀၀၀ ခန့်ရှိကြောင်း၊ ထို့ပြင် ငွေကျပ်သိန်း ၁၃၀၀၀ ကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ စစ်ဆေးနိုင်သည့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများလည်း ပါဝင်ကြောင်း၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) အနေဖြင့် တစ်နေ့လျှင် တို့ဖတ်နမူနာ ၁၀၀၀ မှ ၁၅၀၀ကြားအထိ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

အမျိုးသားပြတိုက် (ရန်ကုန်) သို့ Audio Guide အလုံး ၁၀၀ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဆောင်ဟွာမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်)သို့ အသံလမ်းညွှန်စက် (Audio Guide) အလုံး ၁၀၀ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အသံလမ်းညွှန်စက် (Audio Guide) ကိရိယာအသုံးပြုပုံများကို ကိုရီးယား-မြန်မာ နှစ်ဘာသာဖြင့် ရှင်းလင်းသရုပ်ပြပြီး ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆောင်ဟွာက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ညွှန်ကြားရေးမှူးထံ (Audio Guide) များကို ပေးအပ်သည်။

ထို့နောက် ကိုရီးယားသံအမတ်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အမျိုးသားပြတိုက် (ရန်ကုန်)အတွင်းရှိ မြန်မာ အကျွမ်းရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလွင်ပြခန်းတို့အား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၉-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၅၆၀)ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁။	ရန်ကုန်တိုင်းဒေသကြီး	မရမ်းကုန်း	၁၃၄
		အင်းစိန်	၁၀၁
		မြောက်ဥက္ကလာပ	၆၉
		သန်လျင်	၆၇
		ဒဂုံမြို့သစ် (တောင်ပိုင်း)	၅၉
		မင်္ဂလာဒုံ	၅၆
		သာကေတ	၅၃
		မင်္ဂလာတောင်ညွန့်	၄၂
		မော်ဘီ	၃၁
		တောင်ဥက္ကလာပ	၃၁
		လှိုင်သာယာ	၃၁
		ရွှေပြည်သာ	၂၈
		ဒဂုံမြို့သစ် (မြောက်ပိုင်း)	၂၈
		တာမွေ	၂၇
		တွံတေး	၂၅
		သဃန်းကျွန်း	၂၄
		ဗဟန်း	၂၀
		ရန်ကင်း	၁၅
		လှိုင်	၁၄
		ဒလ	၁၂
		ကျောက်တန်း	၁၂
		ဒဂုံမြို့သစ် (အရှေ့ပိုင်း)	၁၀
		ဒိုလ်တထောင်	၁၀
		စမ်းချောင်း	၈
		ကြည်မြင့်တိုင်	၈
		လမ်းမတော်	၈
		ကမာရွတ်	၇
		ဒေါပုံ	၇
		ထန်းတပင်	၆
		အလုံ	၆
		ဒဂုံ	၆
		ဒဂုံမြို့သစ် (ဆိပ်ကမ်း)	၅
		ကျောက်တံတား	၅
		ခရမ်း	၅
		ပန်းဘဲတန်း	၅
		လှည်းကူး*	၄
		ကွမ်းခြံကုန်း	၄
		ကော့မှူး	၄
		တိုက်ကြီး*	၃
		ပုဇွန်တောင်	၃
		သုံးခွ	၂
		ဆိပ်ကြီးခရောင်တို	၁
		ရွှေပြည်သာ	၁
		စုစုပေါင်း	**၉၉၇**
		ချမ်းအေးသာစံ	၅၁
		အောင်မြေသာစံ	၃၆
		မဟာအောင်မြေ	၃၄
၂။	မန္တလေးတိုင်းဒေသကြီး	ချမ်းမြသာစည်	၂၂
		ပုသိမ်ကြီး	၁၅
		အမရပူရ	၁၁
		ပြည်ကြီးတံခွန်	၁၁
		မြင်းခြံ	၅
		မိတ္ထီလာ	၄
		ဖျော်ဘွယ်	၂
		ကျောက်ပန်းတောင်း	၂
		နွားထိုးကြီး	၁
		ညောင်ဦး	၁
		စဉ့်ကိုင်	၁
		တောင်သာ	၁
		စုစုပေါင်း	**၁၉၇**
၃။	ပဲခူးတိုင်းဒေသကြီး	ပဲခူး	၄၈
		ကျောက်တံခါး	၂၆
		ဝေါ	၂၁
		ကြို့ပင်ကောက်	၂၁
		ဒိုက်ဦး	၁၈
		အုတ်ဖို	၁၀
		မိုးညှို	၈
		မင်းလှ	၅
		ရွှေတောင်	၂
		ကဝ	၁
		ကျောက်ကြီး	၁
		ညောင်လေးပင်	၁
		ပေါက်ခေါင်း	၁
		ရွှေကျင်	၁
		သနပ်ပင်	၁
		သာယာဝတီ	၁
		ရေတာရှည်	၁
		စုစုပေါင်း	**၁၆၇**
၄။	မွန်ပြည်နယ်	သထုံ	၄၇
		ကျိုက်ထို	၇
		ဘီးလင်း	၅
		မော်လမြိုင်*	၅
		ကျိုက်မရော	၁
		ပေါင်	၁
		စုစုပေါင်း	**၆၆**
၅။	ဧရာဝတီတိုင်းဒေသကြီး	မော်လမြိုင်ကျွန်း	၁၃
		ပုသိမ်	၆
		ဖျာပုံ	၆
		ဝါးခယ်မ	၆
		မအူပင်	၃
		ဘိုကလေး	၂
		ပန်းတနော်	၂
		ဓနုဖြူ	၁
		ဟသံတ	၁
		ကျိုက်လတ်	၁
		လပွတ္တာ	၁
		စုစုပေါင်း	**၄၂**
၆။	ရခိုင်ပြည်နယ်	မင်းပြား	၇
		အမ်း	၅
		မြေပုံ	၄
		ရသေ့တောင်	၄
		မောင်တော	၃
		ဘူးသီးတောင်	၂
		ကျောက်ဖြူ	၁
		ရမ်းဗြဲ	၁
		စစ်တွေ	၁
		စုစုပေါင်း	**၂၈**
၇။	မကွေးတိုင်းဒေသကြီး	ချောက်	၂
		မကွေး	၂
		မင်းလှ	၂
		မြို့သစ်	၂
		စလင်း	၂
		တောင်တွင်းကြီး*	၂
		အောင်လံ	၁
		မင်းဘူး	၁
		မြိုင်	၁
		စေတုတ္တရာ	၁
		စုစုပေါင်း	**၁၆**
၈။	တနင်္သာရီတိုင်းဒေသကြီး	မြိတ်	၁၃
		ကော့သောင်း	၁
		ပုလော	၁
		စုစုပေါင်း	**၁၅**
၉။	ကရင်ပြည်နယ်	ကော့ကရိတ်	၇
		ဘားအံ	၃
		စုစုပေါင်း	**၁၀**
၁၀။	စစ်ကိုင်းတိုင်းဒေသကြီး	ကလေး	၆
		အင်းတော်	၁
		ရွှေဘို	၁
		စုစုပေါင်း	**၈**
၁၁။	နေပြည်တော်	ပုပ္ပသီရိ	၃
		လယ်ဝေး	၁
		ဇေယျာသီရိ	၁
		ဓေယျာသီရိ	၁
		စုစုပေါင်း	**၆**
၁၂။	ချင်းပြည်နယ်	ပလက်ဝ	၄
		စုစုပေါင်း	**၄**
၁၃။	ရှမ်းပြည်နယ်	တောင်ကြီး	၂
		မူဆယ်	၁
		စုစုပေါင်း	**၃**
၁၄။	ကချင်ပြည်နယ်	မြစ်ကြီးနား	၁
		စုစုပေါင်း	**၁**
(၁၉-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း			**(၁,၅၆၀) ဦး**

* ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ တိုက်ကြီး (၂) ဦး၊ လှည်းကူး (၁)ဦး၊ တောင်တွင်းကြီး (၁) ဦးနှင့် မော်လမြိုင် (၁) ဦး စုစုပေါင်း (၅) ဦးတို့အား အသွားအလာကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၁၉-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၅၆၀)ဦး တွင် အနှံ့မရရှိသူ (၃၃၆) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

"မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်"

တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေ တပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး လုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၂၀

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဇူလိုင် ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၂၀

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် မင်းတပ်မြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

အသေးစား၊ အလတ်စား အရက်ချက်စက်ရုံများ၏ အရက်ထုတ်လုပ်နိုင်မှုနှင့် သတ်မှတ် လုပ်ထုံးလုပ်နည်းလိုက်နာမှုအခြေအနေနှင့် ပတ်သက်သည့် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

အသေးစား၊ အလတ်စား အရက်ချက်စက်ရုံများ၏ အရက်ထုတ်လုပ်နိုင်မှုနှင့် သတ်မှတ်လုပ်ထုံးလုပ်နည်း လိုက်နာမှု အခြေအနေနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှု ဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အရ အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီအနေဖြင့် ယမကာများကို ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ရောင်းချမှုများနှင့် ပတ်သက်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း။

ကော်မတီအနေဖြင့် ကော်မတီအစည်းအဝေးများကိုလည်း ပုံမှန်ကျင်းပပြီး ယမကာများ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှု၊ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်များ လျှောက်ထားမှု ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ချက်များကိုချမှတ်ခြင်း၊ လိုအပ်ပါက အထက်အဖွဲ့အစည်းများသို့ တင်ပြဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ကိစ္စရပ်များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သဘောထား၊ အကြံပြုချက်များကို ရယူဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ အရက်ချက် စက်ရုံလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အသေးစားနှင့် အလတ်စား အရက်ချက်စက်ရုံ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိ လုပ်ငန်းဆောင်ရွက်မှု၊ စက်ရုံလည်ပတ် ဆောင်ရွက်နိုင်မှု အခြေအနေ၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့် လိုင်စင်များ ရယူဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆက်စပ်ဌာနများ၏ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ အထူးသဖြင့် လုပ်ငန်းရှင်များ၏ ရေဆိုးသန့်စင်စွန့်ပစ်စနစ် တပ်ဆင်နိုင်မှုအခြေအနေများကို သိရှိနိုင်ရေးအတွက် အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ ဆောင်ရွက်မှုအခြေအနေများကို ရယူ

စုစည်းသွားပြီး နောက်တစ်ကြိမ်ကျင်းပမည့် အရက်၊ ဘီယာ၊ ဝိုင် (ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အရက်ချက်စက်ရုံလုပ်ငန်းရှင်များက ၎င်းတို့၏ စက်ရုံလည်ပတ်နိုင်မှုအခြေအနေ၊ ရေဆိုးသန့်စင်စွန့်ပစ်စနစ် တပ်ဆင်ဆောင်ရွက်နိုင်မှုအခြေအနေ၊ D–1၊ D–2 ယစ်မျိုး လိုင်စင်များရယူ၍ လုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ အခက်အခဲများကို တင်ပြ ဆွေးနွေးကြပြီး သက်ဆိုင်ရာဌာနများမှလည်း ဌာနအလိုက် သတ်မှတ်လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များ၊ လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်များအရ ဆက်လက် ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၁ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာပင်လယ်ရေကြောင်း အလုပ်သမားများ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) စင်းလုံးငှားကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	စာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၁၂၀၇၅၂၄၅	၇၂၄၄၉၉၈	၂၅၈၃၆၃
၂။	အိန္ဒိယ	၉၀၀၇၂၉၆	၈၄၂၉၅၂၇	၁၃၂၂၃၀
၃။	ဘရာဇီး	၅၉၈၃၀၈၉	၅၄၀၇၄၉၈	၁၆၈၁၄၁
၄။	ပြင်သစ်	၂၀၈၆၂၈၈	၁၄၇၅၆၉	၄၇၁၂၇
၅။	ရုရှား	၂၀၃၉၉၂၆	၁၅၅၁၄၁၄	၃၅၃၁၁
၆။	စပိန်	၁၅၇၄၀၆၃	စိစစ်ဆဲ	၄၂၂၉၁
၇။	ဗြိတိန်	၁၄၅၃၂၂၅၆	စိစစ်ဆဲ	၅၃၇၇၅
၈။	အာဂျင်တီးနား	၁၃၄၉၄၃၄	၁၁၆၇၅၁၄	၃၆၅၃၂
၉။	အီတလီ	၁၃၀၈၅၂၈	၄၉၈၉၈၇	၄၇၈၇၀
၁၀။	ကိုလံဘီယာ	၁၂၂၅၄၉၀	၁၁၃၂၃၉၃	၃၄၇၆၁

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀- ၁၁ - ၂၀၂၀

	COVID–19 ရောဂါ စာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
အင်ဒိုနီးရှား	၄၈၈၃၁၀	၄၁၀၅၅၂	၁၅၆၇၈
ဖိလစ်ပိုင်	၄၁၅၀၆၇	၃၇၅၂၃	၈၀၂၅
မြန်မာ	၇၆၄၁၄	၅၆၆၀၁	၁၆၉၅
စင်ကာပူ	၅၈၁၄၃	၅၈၀၅၂	၂၈
မလေးရှား	၅၂၆၃၈	၃၉၀၈၈	၃၂၉
ထိုင်း	၃၈၉၂	၃၇၄၅	၆၀
ဗီယက်နမ်	၁၃၀၄	၁၁၄၂	၃၅
ကမ္ဘောဒီးယား	၃၀၄	၂၉၁	၀
ဘရူနိုင်း	၁၄၈	၁၄၅	၃
လာအို	၂၅	၂၃	၀

ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်းစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၂၀

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ (အောက်ပုံ)

အစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ (IDPs) ပြန်လည်နေရာချထားမှု အကောင်အထည် ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှုကိစ္စနှင့် ပတ်သက်၍ ကချင်ဒေသတိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ရေးကော်မတီ (KHCC) အဖွဲ့နှင့် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရန်ရှိကြောင်း၊ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြရန်လိုအပ်ကြောင်း၊ ထို့အပြင် လုပ်ငန်းဆောင်ရွက်နေမှုများ၏ တိုးတက်မှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ အပေါ် ဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှုများနှင့် နေရပ်ပြန်ရေးကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက KHCC နှင့် စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆွေးနွေးရမည့် အချက်များအား အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ် မေလ ၈ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

ထို့ပြင် အများပြည်သူသယံဇာတပို့ဆောင်ရေးလုပ်ငန်းများ၌ ရောဂါပိုးမွှားကာကွယ်တားဆီးမှုသည် အလွန်အရေးပါကြောင်း အသိပညာပေးမှုအနေဖြင့် ဘတ်စ်ကားစီးခရီးသည်များအား ပါးစပ်နှာခေါင်းစည်းများ ဝေငှသည်။

JICA ၏ မှတ်တမ်းများအရ ကိုဗစ်- ၁၉ ရောဂါ မဖြစ်ပွားမီက YBS စီးနင်းသူ နေ့စဉ် ၁ ဒသမ ၆ သန်းခန့် ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ယာဉ်စီးသူဦးရေမှာ လေးသိန်းကျော်အထိ ကျဆင်းခဲ့ကာ ခရီးသွားပြည်သူများ၏ လိုအပ်ချက်အရ YBS ယာဉ်များကို ဆက်လက်ပြေးဆွဲဝန်ဆောင်မှုပေးလျက်ရှိသည်။

ရောဂါပိုးကာကွယ်တားဆီးမှုလှုပ်ရှားမှုနှင့် ပတ်သက်၍ JICA မြန်မာရုံး ဌာနေကိုယ်စားလှယ် Mr. Sakakura Noriji က ခရီးသည်များ အန္တရာယ်ကင်းစေရန် ကာကွယ်စောင့်ရှောက်ရင်း အများပြည်သူပို့ဆောင်ရေးဝန်ဆောင်မှုများ ဆောင်ရွက်နေမှုသည် တစ်ကမ္ဘာလုံး ရှိမြို့များတွင် ကြုံတွေ့နေရသော အခက်ခဲဆုံး စိန်ခေါ်မှု တစ်ခုဖြစ်ပြီး ထိုစိန်ခေါ်မှုများကို ကျော်လွှားကာ ပြည်သူလူထုအတွက် နေ့စဉ်ပုံမှန်ဘဝ ပြန်ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောသည်။

ယနေ့ လှုပ်ရှားမှုသည် ၂၀၁၈ ခုနှစ်က စတင်ခဲ့သော အများပြည်သူသယံဇာတပို့ဆောင်မှု အဆင့်မြှင့်တင်ရေးစီမံကိန်း၏ ရှေ့ပြေးစီမံကိန်းများအနက်မှ တစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

---

* *ကျောဖုံးမှ*

အက်သလက်တီကိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ ယမန်နှစ်က သုံးကြိမ် ဆုံတွေ့ထားရာ စူပါဖလားပြိုင်ပွဲတွင် အက်သလက်တီကိုအသင်းက ဘာစီလိုနာအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး လာလီဂါ၌ အက်သလက်တီကိုအသင်း အိမ်ကွင်းတွင် ဘာစီလိုနာအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိထားကာ ဘာစီလိုနာအသင်း အိမ်ကွင်းတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်ကို တွေ့ရသည်။

အက်သလက်တီကိုအသင်းသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း လာလီဂါတွင် ပြိုင်ဘက် ဘာစီလိုနာအသင်းကို အနိုင်ရရှိရန် အာရုံစိုက်ကစားလာဖွယ်ရှိနေသည်။ အက်သလက်တီကိုအသင်းသည် လာလီဂါပွဲစဉ် (၉) တွင် ကာဒစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဖီးလစ်၊ လော်ရန်တီ၊ ဆွာရက်ဇ်တို့၏ သွင်းဂိုးများနှင့်အတူ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ဘာစီလိုနာအသင်းကလည်း ရီးရဲဘက်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ အက်သလက်တီကိုအသင်းမှ အားထားရသည့် ဘာစီလိုနာတိုက်စစ်မှူးဟောင်း ဆွာရက်ဇ်သည် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံထားရသောကြောင့် ယခုပွဲစဉ်ကို ပါဝင်လာဖွယ်မရှိကြောင်း သိရသည်။ ဘာစီလိုနာအသင်းမှ ဘတ်စ်ကွက်သည် ယခုပွဲစဉ်ကို ဒူးဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိနေသည်။

အက်သလက်တီကိုအသင်းသည် ယခုပွဲစဉ်ကို အော့ဘလက်၊ ထရစ်ဗီယာ၊ ဖီးလစ်ပီ၊ ဂျီမီနက်ဇ်၊ လိုဒီ၊ လော်ရန်တီ၊ ကွန်ဒှေါဘီယာ၊ ကိုကီ၊ ဆောလ်၊ ဖီးလစ်၊ ကော်ရဲရားတို့ကို အသုံးပြုကာ ဘာစီလိုနာအသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ ဘာစီလိုနာအသင်းက ဘာစတီဂန်၊ ရော်ဘတ်တို့၊ ပီကေး၊ လင်ဂလက်၊ အယ်ဘာ၊ ပီဂျာနစ်၊ ဒီဂျောင်၊ ဒမ်ဘီလီ၊ မက်ဆီ၊ ပက်ဒရီ၊ ဂရစ်ဇ်မန်းတို့ကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။

အောင်ဧော်

ကော့သောင်းခရိုင်၌ ကျောက်ငါးအရှင်များ ရေပေါ်မျောနေမှုကို ဓာတ်ခွဲစမ်းသပ်လျက်ရှိပြီး ရလဒ်ထွက်ရှိလျှင် သတင်းထုတ်ပြန်သွားမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ကော့သောင်းခရိုင်အတွင်း ကမ်းနှင့် ရေမိုင် ၂၀ ကျော် အကွာရှိ ကျွန်းများဝန်းကျင်၌ ရေအောက်ကြမ်းပြင်တွင် ကျက်စားသည့် ကျောက်ငါးများ အောက်တိုဘာလ ဒုတိယပတ်မှစ၍ ရေပေါ်တွင် အသက်ရှင်လျက် မျောပါနေခြင်းနှင့် ငါးအချို့သေဆုံးခြင်းတို့ ဖြစ်ပွားနေမှုများနှင့် ပတ်သက်၍ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ရန်ကုန်နှင့် နေပြည်တော်သို့ကျောက်ငါးအသားစ နမူနာနှင့် ရေနမူနာများပေးပို့၍ ဓာတ်ခွဲစမ်းသပ်လျက်ရှိပြီး ရလဒ် အတည်ပြုပြီးပါက သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ငါး အသားစ နမူနာကို ရန်ကုန်ဓာတ်ခွဲခန်းသို့ နိုဝင်ဘာ ၆ ရက်က ပေးပို့ခဲ့ပြီး နေပြည်တော်ဓာတ်ခွဲခန်းသို့ အနက်နှင့် တည်နေရာအလိုက် ပင်လယ်ရေ နမူနာများကို နိုဝင်ဘာ ၁၅ ရက်က ပေးပို့ကာ အမျိုးသားဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင်က "ငါးမိုင်းခွဲတာနဲ့ ဆေးချတာဆိုရင် နေရာများများမှာ အခုလို အချိန်ကြာကြာ မတွေ့နိုင်ဘူး။ ကျွန်တော့်ငါးတွေလည်း ရေပေါ်မှာ မြင်ရမယ်။ ပါချန်မြစ်နားက အတွင်းပိုင်းရွာတွေနားမှာလည်း ကျောက်ငါးအသေးတွေ ရေပေါ်ပေါ်နေတယ်လို့ မနေ့က သတင်းပို့တာရှိတယ်။ ပါချန်မြစ်ဝှမ်းအဖွဲ့က မှတ်တမ်းယူနေတယ်လို့ သိရတယ်။ အခြားငါး နည်းပြီး ကျောက်ငါးအများစုပဲ ရေပေါ်မျောနေတာကို ထူးဆန်းစွာ တွေ့ရတာကြောင့် ရေအောက်မှာ ကျောက်ငါးမနေနိုင်တဲ့ ဓာတ်သဘာဝ တစ်ခုခု၊ ပင်လယ်ရေစီးကြောင်း တစ်ခုခု ကြောင့်လို့ ယူဆထားပါတယ်။ နေပြည်တော်ကို ငါးအသား ဓာတ်ခွဲစစ်ဆေးမှု ပို့ထားပြီးတော့ ရေကို ဆက်ပြီး စစ်ဆေးနေပါတယ်။ သဘာဝကြောင့်ဖြစ်ရင် မစွမ်းဆောင်နိုင်ပေမယ့် ကျောက်ငါးတွေကို စားသုံးတဲ့အခါမှာ ဘေးဥပါဒ် မတွေ့ရသေးတာကြောင့် ငါးမှာ ဘယ်လိုဓာတ်ကြွင်းတွေပါနေလဲ ဆိုတာနဲ့ ဘေးအန္တရာယ် ရှိမရှိကို ထုတ်ပြန်ပေးသွားမှာပါ" ဟု ပြောသည်။

ပင်လယ်ရေပြင်တွင် အသက်ရှင်လျက် မျောနေသော ကျောက်ငါးများကို မကြံ(ဂလက်(ဗိုလ်ချိုကျွန်း)ကျွန်း၊ ကိုဖော့အော်ကျွန်း၊ ဂလတ်ရွာငယ်အနီး၊ ညောင်ဝီးကျွန်း၊ လန်ပိကျွန်းနှင့် ဂျလန်းကျွန်းတစ်ဝိုက်တွင် တံငါသည်များက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကာ ကမ်းနှင့် ရေမိုင် ၂၀ ကျော်ဝေးကွာသည့် ကျွန်းများတွင်လည်း ကျောက်ငါးများ မျောပါနေမှုကို တွေ့ရှိရကြောင်းနှင့် ဂျလန်းကျွန်းအရှေ့ဘက်ရှိ ပုလဲကျွန်းမှ ပုလဲမွေးမြူရေး မုတ်ကောင်များကိုမူ ထိခိုက်မှုမရှိသေးကြောင်း သိရသည်။

လက်ရှိ ပေးပို့စမ်းသပ်ထားသော ပင်လယ်ရေ ဓာတ်ခွဲနမူနာ သုံးခုတွင် ရေချိုဓာတ်ပျော်ဝင်နေမှုကို တွေ့ရှိရ၍ ဆက်လက် စစ်ဆေးလျက်ရှိကြောင်းနှင့် အောက်တိုဘာလ အတွင်းက ဗီယက်နမ် တိုင်ဖွန်းမုန်တိုင်းကြောင့် တနင်္သာရီ ကမ်းရိုးတန်း ကော့သောင်းခရိုင် ပင်လယ်ပြင်တွင် တစ်လနီးပါး မိုးများခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းကလည်း မိုးရွာခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် ပင်လယ်ကြမ်းပြင်တွင် ရေအေးစီးကြောင်း၊ ရေချိုစီးကြောင်းများ ဖြစ်ပေါ်နိုင်လျက် ပင်လယ်ရေအောက်ကြမ်းပြင်တွင် ကျက်စားနေသည့် ကျောက်ငါးများ ရေပေါ်သို့ အသက်ရှင်လျက်မျောပါနေခြင်း ဖြစ်နိုင်သလို ရေအောက်ကြမ်းပြင်၌ ဓာတ်သဘာဝ ပြောင်းလဲမှုကြောင့် ကျောက်ငါးများ နေထိုင်နိုင်ခြင်းမရှိဘဲ ရေပေါ်တွင် မျောပါနေခြင်း ဖြစ်နိုင်ကြောင်း ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက သုံးသပ်ထားသည်။**သန်းထိုက်**

လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

(၂၀ - ၁၁ - ၂၀၂၀)

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဟောင်ကြန့်ကျေးရွာအုပ်စု၊ ဟောင်ကြန့်ကျေးရွာ မဲရုံအမှတ်(၃)တွင် ဦးမောင်မြင့် သည် ဆန္ဒမဲပေးရာ၌ ၎င်းကိုယ်တိုင် ယူဆောင်လာသည့် UEC အမှတ်အသား မပါသော တံဆိပ်တုံးအတုဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်များအား ဆန္ဒပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၊ ကင်းတပ်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)တွင် ကင်းတပ်ကျေးရွာနေ ဦးချမ်းမြေ့အေး (မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သူ) သည် ၎င်း၏ အစ်ကိုဖြစ်သူ ဦးငြိမ်းချမ်းအေးကိုယ်စား မဲပေးခဲ့ကြောင်းနှင့် ထိုသို့ မဲပေးခွင့်ရရှိစေရန် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလှကြိုင်က ခွင့်ပြုပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံတခရိုင်၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုကျေးရွာ အုပ်စု၊ အောင်မင်္ဂလာရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် ဒေါ်ဖူးငုံဖြိုး (အစား) ညီမဖြစ်သူ မမွန်မွန်ဝေ က ကိုယ်စားလာရောက်မဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ရန်မနိုင်ကျေးရွာအုပ်စုမဲရုံအမှတ်(၂)တွင် မကြူကြူသင်းသည် ရန်ကုန်မြို့နေ ၎င်း၏အစ်မဖြစ်သူ မအေးသက်နိုင်ကိုယ်စား မဲပေးခဲ့ကြောင်းနှင့် ထိုသို့ မဲပေးခွင့်ရရှိစေရန် မဲရုံမှူး တာဝန်ထမ်းဆောင်သူ ဒေါ်အုန်းကြိုင် က ခွင့်ပြုပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ မြင်းကဆိပ်ကျေးရွာအုပ်စုမဲရုံအမှတ်(၁)တွင် ဒေါ်မေဝင်းသည် တစ်ရွာတည်းနေ ဒေါ်ခင်ခင်စိုး၏ မဲစာရင်း အမှတ်စဉ်ဖြင့် ကိုယ်စားမဲပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၆။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ လဲခုံကြီးကျေးရွာနေ ဦးသူရအောင်သည် ကွင်းကြီးကျေးရွာအုပ်စု မဲရုံအမှတ်(၅)တွင်တစ်ကြိမ်၊ ဇနီးဖြစ်သူနေထိုင်ရာ အင်္ဂပူမြို့နယ်၊ နွားခြံကုန်းကျေးရွာအုပ်စု၊ ကုန်းတောင်နီကျေးရွာ မဲရုံအမှတ်(၂)တွင် တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၇။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ခြောက်ဆယ်ကျေးရွာအုပ်စု၊ လက်ပံကုန်းကျေးရွာ မဲရုံအမှတ်(၂)တွင် တရားခံ(စုံစမ်းဆဲ)က မဲဆန္ဒရှင်များမဲပေးရာ၌ အနှောင့်အယှက်ဖြစ်စေရန် ဆန္ဒမဲပေးသည့်အခန်းများနှင့် ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ပစ္စည်းများအား ဖျက်ဆီးခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၈။ အထက်ဖော်ပြပါ ဖြစ်စဉ်များကိုကျူးလွန်ခဲ့သည့် ဦးမောင်မြင့်၊ ဦးချမ်းမြေ့အေးနှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးလှကြိုင်၊ မမွန်မွန်ဝေ၊ မဲရုံမှူး ဒေါ်အုန်းကြိုင်၊ မကြူကြူသင်း၊ ဒေါ်မေဝင်း၊ ဦးသူရအောင်နှင့် ဆန္ဒမဲပေးရာတွင် အသုံးပြုမည့်ပစ္စည်းများအား ဖျက်ဆီးခဲ့သည့်တရားခံ(စုံစမ်းဆဲ) တို့အား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် ရာဇသတ်ကြီး ပုဒ်မ ၄၂၀/ ၄၆၈ ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈၊ ၅၉ တို့နှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းမှ ယာဉ်အစီးရေ ၂၀ ဖြင့် ကုန်စည်များ ပို့ဆောင်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်ပေါင်း ၂၀ သို့ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နား စခန်းမှ တစ်ရက်လျှင် အဝေးပြေးယာဉ် အစီးရေ ၂၀ ဖြင့် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ပို့ဆောင်ပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ အတွင်း စာရင်းအရ အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်းတွင် ရန်ကုန်တိုင်းဒေသကြီး အခြေပြု ပြေးဆွဲနေသည့် ယာဉ်လိုင်း ၁၁၆ လိုင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် အခြေပြုပြေးဆွဲသည့် ယာဉ်လိုင်း ၁၄၇ လိုင်းရှိပြီး ယာဉ်အစီးရေ ၂၆၀၀ ကျော်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲခြင်းကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ညွှန်ကြားချက်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိသော်လည်း လက်ရှိမှာ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းကနေ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၀ ကို တစ်ရက်လျှင် အဝေးပြေးယာဉ် အစီးရေ ၂၀ ဖြင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခရီးသွားပြည်သူတွေ မပါရှိပါဘူး။ အဓိက ပါဆယ်ကုန်တွေကို ပို့ဆောင်လျက်ရှိတယ်။ ကုန်စည်စီးဆင်းမှု၊ စားသောက်မှု အခက်အခဲကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းခြင်း ဖြစ်ပါတယ်” ဟု ပြောသည်။

အောင်သူရ

ဘုရင့်နောင်ပွဲရုံနယ်မြေဆိပ်ကမ်းမှ ရန်ကုန်- မြစ်ဝကျွန်းပေါ်- မြိတ်ဒေသများသို့ ရေယာဉ်လိုင်းများဖြင့် စားသောက်ကုန်များ ပုံမှန်ပို့ဆောင်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

ကိုဗစ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံ နယ်မြေဆိပ်ကမ်းမှ ရန်ကုန် - မြစ်ဝကျွန်းပေါ် /ရန်ကုန်- စစ်တွေ/ ရန်ကုန်-မြိတ် အစရှိသော ဒေသများသို့ ရေယာဉ်လိုင်းများ ဖြင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စားသောက်ကုန်များ ကိုဗစ် ရောဂါထိန်းချုပ်ကာလအတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေး အဓိက ထား ပို့ဆောင်ပေးနေပြီး အခါအား လျော်စွာ အိမ်အသုံးအဆောင်ပစ္စည်း များနှင့် အခြားဒေသထွက် ပစ္စည်းများ လည်းကြားညှပ်၍ ပုံမှန်ပို့ဆောင်ပေး လျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ နယ်မြေဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဝန်ထမ်းများထံမှ သိရသည်။

“ရန်ကုန်ကနေ စစ်တွေတို့၊ မြိတ်တို့ စတဲ့မြို့ကြီးတွေကို ကုန်စည်မပြတ် လပ်သွားရေးအတွက် ပို့ပေးနေရပါတယ်။ အရင်လိုအများကြီးတော့ ကုန်မရဘူး၊ ကိုဗစ်ကာလပေမယ့် ကုန်စည်ကတော့ ပုံမှန်လည်ပတ်နှုန်းအတိုင်း လည်ပတ်နေပါတယ်။ သင်္ဘော အဝင်အထွက်တွေမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စည်းကမ်းသတ်မှတ်ချက်တွေအတိုင်း ဆောင်ရွက်ရပါတယ်။ ယခင် ပုံမှန် ကုန်တင်ကုန်ချ အလုပ်သမား ၁၀၀ ကျော်ရှိတယ်။ တစ်နေ့လုပ် တစ်နေ့စားဆိုတော့ ခုက ၇၀ လောက်ပဲဆင်းပါတယ်၊ အလုပ်ဆင်းဆင်း မဆင်းဆင်း လူကြီးများ ရိက္ခာထောက်ပံ့မှုတွေ ရကြပါတယ်။ မိသားစုဝမ်းရေးအတွက်တော့ အဆင်ပြေကြပါတယ်။ ဒီကနေ့ထိ ကိုဗစ်ရောဂါသံသယရှိ အလုပ်သမား တစ်ဦး တစ်ယောက်တောင် မရှိသေးပါဘူး” ဟု ရန်ကုန်မြို့ ဘုရင့်နောင် နယ်မြေ ဆိပ်ကမ်းကုန်စည်ပို့ဆောင်ရေးမှ လုပ်သားစောင့်ရှောက်ရေးမှူး ဦးစိုးလွင်ကပြောသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်သယ်ယူပို့ဆောင်ရေး လမ်းခရီးတွင် သင်္ဘော်လိုင်းသုံးလိုင်းဖြင့် ရန်ကုန်- မြစ်ဝကျွန်းပေါ်ဒေသ (ဖျာပုံ၊ ပုသိမ်၊ မြောင်းမြနှင့် အခြားမြို့ကြီးများ)၊ ရန်ကုန် - စစ်တွေ၊ ရန်ကုန် - မြိတ် စသော ရေလမ်းခရီးလိုင်းသုံးခုကို သက်မှတ်စီနီယာအတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထိုခရီးစဉ်များတွင် နယ်မြို့များမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် အခြားဒေသထွက်ကုန်များ ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းသို့ အဝင်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့်အခြားပစ္စည်းအချို့ကိုလည်း ပြည်တွင်းနယ်မြေဒေသများမှ မှာယူထားသည့်အတိုင်း တင်ပို့ပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်း ကုန်စည်ပို့ဆောင်ရေးမှ သိရသည်။

မျိုးမင်းသိန်း
(မရမ်းကုန်း)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁၁ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၄၀၀၀
ရန်ကုန်	၁၆ ပဲရည်	ဖြန့်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၁၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၂၇၃၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၄၀၀၀
မန္တလေး	၁၆ ပဲရည်	ဖြန့်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၁၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၂၇၃၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၁၀/၅၅၅	ကျပ်	၅၄၅/၅၆၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၂၀/၅၇၀	ကျပ်	၅၆၀/၅၈၀	ကျပ်
အောက်တိန်း ၉၂	၄၈၅/၅၁၅	ကျပ်	၅၃၅/၅၅၅	ကျပ်
အောက်တိန်း ၉၅	၆၁၅/၆၃၀	ကျပ်	၆၇၀/၆၉၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၀၇ . ၉
ဥရောပ	တစ်ယူရို	ကျပ်	၁၅၅၂ . ၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၇၃ . ၇၀
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၃၅ . ၁
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၆၀ . ၀
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၅၃ . ၈၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၉ . ၁၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၇ . ၆၅၃
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၇ . ၁၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၁၉ . ၅၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၃ . ၁၈၆

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ဗဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၀၀၀	၁၀၀၀၀	၅၈၈	၅၈၃၀၀၀၀
MTSH	၃၇၀၀	၃၇၅၀	၆၁၂၁	၂၂၆၅၃၃၇၀၀
MCB	၈၄၀၀	၈၄၀၀	၃၁	၂၆၀၄၀၀
FPB	၂၂၅၀၀	၂၂၅၀၀	၁၅	၃၃၇၅၀၀
TMH	၂၇၀၀	၀	၀	၀
EFR	၄၀၀၀	၄၀၀၀	၁၆၄	၆၅၆၀၀၀

ခင်ရတနာ - စုစည်းသည်

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၃၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)**၊ **နတ်မောက်လမ်းသွယ်(၁)**၊ **ဗိုလ်ချို(၂)** ရပ်ကွက်၊ **ဗဟန်းမြို့နယ်**၊ **ရန်ကုန်မြို့**၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၅၃၃၇၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်ဧရိယာနှင့်ရက်စွဲတို့အား ပြောင်းလဲဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက် ထပ်မံထုတ်ပြန်

ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) နှင့် အပြည်ပြည်ဆိုင်ရာ ပင်မ ဝင်ပေါက် ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိထားသည့် Campana Mythic Co.,Ltd သည် မြန်မာ-စက်ဘူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ် သွယ်တန်းခြင်းလုပ်ငန်းကို MV.Majestic Seven (Call Sign: XYGK), Asean Protector (Call Sign: 9VYR5) Royal Nadi သင်္ဘော သုံးစင်းတို့ဖြင့် Point. A1 တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၁ မိနစ် ၉၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၀၂၁ စက္ကန့်၊ Point. A2 တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၀ မိနစ် ၀၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၃၃၉ စက္ကန့်၊ Point. B တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၁ မိနစ် ၄၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၁၉၂ စက္ကန့်၊ Point. C တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၈ မိနစ် ၂၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၃၃၇ စက္ကန့်၊ Point. D တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၉ မိနစ် ၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၄၀ စက္ကန့်၊ Point. E တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၅ မိနစ် ၀၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၂၂၉ စက္ကန့်၊ Point. F တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၅ မိနစ် ၀၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၂၂၈ စက္ကန့်၊ Point. G1 တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၂ မိနစ် ၂၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၁၁၈ စက္ကန့်၊ Point. G2 တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၀ မိနစ် ၂၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၀၉၈ စက္ကန့်၊ Point. H တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၂ မိနစ် ၃၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅၇၅ စက္ကန့်၊ Point. I တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၉ မိနစ် ၈၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၉ မိနစ် ၂၅၈ စက္ကန့်၊ Point. J တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၂ မိနစ် ၀၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၉ မိနစ် ၅၆၄ စက္ကန့်၊ Point. K တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ် ၀၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် ၄၄၆ စက္ကန့်၊ Point. L တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၈ မိနစ် ၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၀၄၃ စက္ကန့်၊ Point. M1 တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၆၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၆ မိနစ် ၈၈၂ စက္ကန့်၊ Point. N1 တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၃၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၁၂၃ စက္ကန့်၊ Point. M2 တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၁၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၆ မိနစ် ၅၅၇ စက္ကန့်၊ Point. N2 တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၆၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၃၅၇ စက္ကန့်၊ Point. M3 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈ မိနစ် ၅၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၃၃၉ စက္ကန့်၊ Point. N3 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈ မိနစ် ၆၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၉၅၁ စက္ကန့်၊ Point. M4 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၆၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၈၆၈ စက္ကန့်၊ Point. N4 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၄၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၄၇၉ စက္ကန့်၊ Point. M5 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၇ မိနစ် ၆၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၁၉ စက္ကန့်၊ Point. N5 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၈ မိနစ် ၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၄၈၁ စက္ကန့်၊ Point. M6 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၆ မိနစ် ၆၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၆၉၉ စက္ကန့်၊ Point. N6 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၆ မိနစ် ၈၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၀၃၅ စက္ကန့်၊ Point. M7 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၇၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၅၅၅ စက္ကန့်၊ Point. N7 တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၂၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၆ စက္ကန့်၊ Point. M8 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅ မိနစ် ၂၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၂၉၈ စက္ကန့်၊ Point. N8 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၅ မိနစ် ၀၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၅၂၃ စက္ကန့်၊ Point. M9 တွင် မြောက် လတ္တီတွဒ် ၁၃ ဒီဂရီ ၄၃ မိနစ် ၈၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၇ မိနစ် ၉၂၃ စက္ကန့်၊ Point. N9 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ မိနစ် ၅၂၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၁၆ စက္ကန့်၊ Point. M10 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ မိနစ် ၆၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၇ မိနစ် ၃၅၁ စက္ကန့်၊ Point. N10 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၁ မိနစ် ၀၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၀၀၂ စက္ကန့်၊ Point. M11 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၁ မိနစ် ၁၀၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၂၁၄ စက္ကန့်၊ Point. N11 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၉ မိနစ် ၇၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၇ မိနစ် ၃၃၄ စက္ကန့်၊ Point. M12 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၃၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၉ မိနစ် ၅၀၂ စက္ကန့်၊ Point. N12 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၉ မိနစ် ၆၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၉၃၈ စက္ကန့်၊ Point. M13 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၇ မိနစ် ၂၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၈ မိနစ် ၈၉၇ စက္ကန့်၊ Point. N13 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၆ မိနစ် ၆၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ် ၀၁၉ စက္ကန့်၊ Point. M14 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၄ မိနစ် ၂၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၇ မိနစ် ၅၅ စက္ကန့်၊ Point. N14 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၃ မိနစ် ၃၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၉ မိနစ် ၇၅ စက္ကန့်၊ Point. M15 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၁ မိနစ် ၅၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅ မိနစ် ၁၂၃ စက္ကန့်၊ Point. N15 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၆၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၇ မိနစ် ၆၀၂ စက္ကန့်၊ Point. M16 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၀၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၉၇၈ စက္ကန့်၊ Point. N16 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈ မိနစ် ၀၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅ မိနစ် ၀၉၆ စက္ကန့်၊ Point. M17 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၇ မိနစ် ၁၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၉၄၂ စက္ကန့်၊ Point. N17 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၆ မိနစ် ၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄ မိနစ် ၁၇၄ စက္ကန့်၊ Point. O1 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃ မိနစ် ၄၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၁၆၂ စက္ကန့်၊ Point. P1 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃ မိနစ် ၁၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃ မိနစ် ၅၇၆ စက္ကန့်၊ Point. O2 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၈ မိနစ် ၈၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၅၀၆ စက္ကန့်၊ Point. P2 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၉ မိနစ် ၃၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃ မိနစ် ၇၀၁ စက္ကန့်၊ Point. O3 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၆ မိနစ် ၄၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၂၉ စက္ကန့်၊ Point. P3 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၆ မိနစ် ၈၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄ မိနစ် ၄၆၄ စက္ကန့်၊ Point. O4 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄ မိနစ် ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၅၈၃ စက္ကန့်၊ Point. P4 တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄ မိနစ် ၄၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄ မိနစ် ၈၁ စက္ကန့်၊ Point. O5 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၇ မိနစ် ၂၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၄၅၃ စက္ကန့်၊ Point. P5 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၇ မိနစ် ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄ မိနစ် ၆၉ စက္ကန့်၊ Point. O6 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၁ မိနစ် ၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၈၄၆ စက္ကန့်၊ Point. P6 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၁ မိနစ် ၄၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄ မိနစ် ၀၅၇ စက္ကန့်၊ Point. O7 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၇ မိနစ် ၇၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၆၇၁ စက္ကန့်၊ Point. P7 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၇ မိနစ် ၆၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၈၇၇ စက္ကန့်၊ Point. O8 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၀ မိနစ် ၇၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၅၈ စက္ကန့်၊ Point. P8 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၀ မိနစ် ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၇၉၉ စက္ကန့်၊ Point. O9 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၆ မိနစ် ၉၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၂၈၂ စက္ကန့်၊ Point. P9 တွင် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၆ မိနစ် ၉၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃ မိနစ် ၄၉၈ စက္ကန့်၊ Point. O10 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၉ မိနစ် ၄၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀ မိနစ် ၇၅၅ စက္ကန့်၊ Point. P10 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၉ မိနစ် ၁၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၉၅၃ စက္ကန့်၊ Point. O11 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၇ မိနစ် ၈၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၉၄၂ စက္ကန့်၊ Point. P11 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၇ မိနစ် ၀၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၀၄၄ စက္ကန့်၊ Point. O12 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀ မိနစ် ၆၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၅၀၁ စက္ကန့်၊ Point. P12 တွင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀ မိနစ် ၁၆၆ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၆၈၁ စက္ကန့်၊ Point. O13 တွင် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၄၉ မိနစ် ၅၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၄၅၁ စက္ကန့်၊ Point. P13 တွင် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၄၈ မိနစ် ၉၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၆၂၅ စက္ကန့်၊ Point. Q1 တွင် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၂၀ မိနစ် ၉၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ် ၁၈ စက္ကန့်၊ Point. R1 တွင် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၂၀ မိနစ် ၈၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၃၈၄ စက္ကန့်၊ Point. Q2 တွင် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၈ မိနစ် ၈၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ် ၆၁၄ စက္ကန့်၊ Point. R2 တွင် မြောက်လတ္တီ တွဒ် ၉ ဒီဂရီ ၃၈ မိနစ် ၉၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ် ၈၉၇ စက္ကန့်တို့တွင် (၀၅.၁၂.၂၀၂၀) မှ (၂၈.၂.၂၀၂၁)အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀.၁၁.၂၀၂၀) မှ (၂၈.၂.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၂ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္မန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနက ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

*** ၂၈.၁၀.၂၀၂၀ ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၁၆/၂၀၂၀ ဖြင့် ထုတ်ပြန်ထားသော ရေကြောင်း သတိပေးချက်အား ဤရေကြောင်းသတိပေးချက်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဧရာဝတီတံတား(ပခုက္ကူ)ရေလမ်း ပြောင်းလဲမည်

နေပြည်တော် နိုဝင်ဘာ ၂၀

ဧရာဝတီတံတား(ပခုက္ကူ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန် လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၃)နှင့် (၁၄)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂၅ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀)အကြားမှ ပြောင်းလဲ ဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၂ ပေရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

သတင်းစဉ်

လားရှိုးမြို့နယ်တွင် ကိုဗစ်- ၁၉ စီးပွားရေး ကုစားမှုအစီအစဉ်ဖြင့် စိုက်ပျိုးသော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း မိုးစပါး စံကွက်ရိတ်သိမ်း

လားရှိုး နိုဝင်ဘာ ၂၀

